


# ဥပဒေဆိုင်ရာစာပေ လေ့လာဝေဖန်ဆန်းစစ်ခြင်း

Md. Nuruddeen, 'The Legal Critical Literature Review', UUMJLS, vol.6, no.1, 2015, pp.013-032

ဘာသာပြန် - သစ်မင်းအိမ်

၂၀၂၁ ခုနှစ် ဩဂုတ်လ

©Translation Right -HRER Programme

## မာတိကာ


နိဒါန်း ........ 2

စာပေလေ့လာဆန်းစစ်မှု အနှစ်ချုပ်ဖော်ပြခြင်း ........ 4

စာပေလေ့လာဆန်းစစ်မှု၏ အခြေခံသဘောတရားများ ........ 5

  သုတေသနစာတမ်း ........ 6

  သုတေသန လစ်ဟာချက် ........ 18

  ပညာရပ်စာပေရှာဖွေခြင်း ........ 20

စာပေလေ့လာမှုကို အစီအစဉ်တကျ ပုံစံချခြင်း........ 22

စာပေလေ့လာဆန်းစစ်မှုရေးသားနည်း ........ 26

ကျမ်းကိုးစာရင်း........ 30


# ဥပဒေဆိုင်ရာစာပေ လေ့လာဝေဖန်ဆန်းစစ်ခြင်း*


## Md. Nuruddeen


---

* သစ်မင်းအိမ် ဘာသာပြန်ဆိုသည်။ ၂၀၂၁ ခုနှစ် ဩဂုတ်လ။

စာတမ်းကောက်နုတ်ချက် - ဥပဒေပညာကို ဆင်ခြင်တွေးခေါ်ရာတွင် ကျိုးကြောင်းဆီလျော်မှုအခြေအနေနှင့် ချိန်ညှိလျက် ဥပဒေဆိုင်ရာစာပေကို လေ့လာဝေဖန်ဆန်းစစ်ခြင်းအား ဤစာတမ်းက ရှင်းလင်းထားပါသည်။ သုတေသနတွင် လေ့လာဝေဖန်ဆန်းစစ်ခြင်းသည် မည်သို့အကျိုးရှိ ထိရောက်သည်ကို စာတမ်းက မေးမြန်းထားသည်။ အကြောင်းအရာ အတိအကျအလိုက် သုတေသနလစ်ဟာချက်ကို အလွယ်တကူ ရှာဖွေဖော်ထုတ်နိုင်ပါက လေ့လာဝေဖန်ဆန်းစစ်ခြင်းသည် သုတေသနအတွက် အကျိုးရှိထိရောက်မည်ဖြစ်ကြောင်း စာတမ်းက အကြံပြုထားသည်။ Bentham ၏ ဆက်စပ်ပေါင်းစည်းမှုဆိုင်ရာ အယူအဆကို လိုက်နာ၍ သင့်လျော်သည့် အချက်အလက်များဖြင့် ဆက်စပ်ပေါင်းစည်းမှုကို သုတေသနနည်းလမ်းက အသုံးပြုသည်။ Bentham အယူအဆသည် ခြုံငုံ၍/ ယေဘုယျ ကောက်ချက်ချခြင်းနှင့် ဆက်စပ်ပေါင်းစည်းခြင်းနှစ်ခုစလုံးကို ဆန့်ကျင်သည်။ စာပေလေ့လာဝေဖန်ဆန်းစစ်မှု၏ သဘာဝကို အချုပ်ဖော်ပြခြင်းဖြင့် စာတမ်းသည် ၎င်း၏ ခုခံချေပ ဆွေးနွေးမှုကို စတင်ထားသည်။ ထို့နောက် စာရေးသူအနေဖြင့် လိုအပ်သည့် အဓိက ဝေါဟာရများအပေါ် ခြုံငုံလေ့လာမှုကို ဆက်လက်ဖော်ပြသည်။ အဆိုပါ မရှိမဖြစ်လိုအပ်သည့် နောက်ခံ အကြောင်းအရာကို ဖော်ပြပြီးနောက် ပညာရပ်စာပေလစ်ဟာချက်များနှင့် ပညာရပ်စာပေ ရှာဖွေမှုဆိုင်ရာ နည်းလမ်းများအား ဆွေးနွေးထားသည်။ ထို့နောက် စာပေလေ့လာဆန်းစစ်မှု၏ စံနမူနာပြ ပုံစံချခြင်းကို ထပ်မံ ဆွေးနွေးထားသည်။ နောက်ဆုံးအနေဖြင့် စာပေလေ့လာဆန်းစစ်ခြင်း၏ ရည်ရွယ်ချက်နှင့် ၎င်းစာပေလေ့လာဆန်းစစ်ခြင်းကို ရေးသားသည့် နည်းစနစ်များအကြောင်းကို ဆက်စပ်ဆွေးနွေးထားပါသည်။ သုတေသနလစ်ဟာချက်များကို ရှာဖွေရန်အလို့ငှာ မှန်ကန်သည့် သုတေသနအကြောင်းအရာကို သတ်သတ်မှတ်မှတ် လေ့လာပြီး ပညာရပ်နယ်ပယ်ရှိ အယူအဆအမှားများကို ရှာဖွေဖော်ထုတ်ခြင်းဖြင့် ဥပဒေဆိုင်ရာ စာပေလေ့လာဆန်းစစ်မှုသည် များစွာအကျိုးရှိ ထိရောက်စေသည်။ ထို့နောက် အဆိုပါ ဥပဒေဆိုင်ရာ စာပေလေ့လာဆန်းစစ်မှုရလဒ်ကို အခရာကျသည့် သုတေသနမေးခွန်းအဖြစ် ပုံဖော်ရမည် ဖြစ်သည်။

အဓိကစကားရပ်များ - ဥပဒေဆိုင်ရာစာပေ လေ့လာဝေဖန်ဆန်းစစ်ခြင်း၊ သုတေသနလစ်ဟာချက်များ၊ အယူအဆအမှားများ၊ သုတေသနမေးခွန်း။

## နိဒါန်း

ဥပဒေပညာကို ဆင်ခြင်တွေးခေါ်ရာတွင် ကျိုးကြောင်းဆီလျော်မှုအခြေအနေနှင့် ချိန်ညှိလျက် ဥပဒေဆိုင်ရာ စာပေကို လေ့လာဝေဖန်ဆန်းစစ်ခြင်းအား ရှင်းလင်းတင်ပြထားသည့်အတွက် ဤစာတမ်းသည် အရေးပါ ပါသည်။ စာပေလေ့လာဆန်းစစ်မှုကို မည်သို့တည်ဆောက်ရမည်အပေါ် စာဖတ်သူများအား ဤစာတမ်းပါ အကြောင်းအရာက အကြမ်းဖျင်းဖော်ပြထားခြင်းဖြင့် အရည်အသွေး ကောင်းမွန်သည့် ဥပဒေသုတေသန ဖြစ်ပေါ်အောင် ထောက်ပံ့ပေးပါသည်။[၁] သုတေသနတွင် စာပေလေ့လာဝေဖန်ဆန်းစစ်ခြင်းသည် မည်သို့အကျိုးရှိ ထိရောက်သည်ကို စာတမ်းက မေးမြန်းထားသည်။ စာပေလေ့လာဝေဖန်းဆန်းစစ်ခြင်းသည် အကြောင်းအရာ အတိအကျအလိုက် သုတေသန

[၁] ပညာရပ်စာပေလေ့လာဆန်းစစ်မှုဆိုသည်မှာ သုတေသနစာတမ်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး လေ့လာမှုနယ်ပယ် တစ်ရပ်အတွက် ဆက်စပ်သုတေသနနှင့် သီအိုရီများကို ကျယ်ကျယ်ပြန့်ပြန့် ရည်ညွှန်းကိုးကားထားခြင်း ဖြစ်သည်။ အခြားသုတေသနပညာရှင်များနှင့် စာဖြင့်ဆွေးနွေးနိုင်မည့် အခွင့်အလမ်းကို သုတေသနပညာရှင်က ရရှိစေပါသည်။ မိမိဆောင်ရွက်မည့် သုတေသန၏ အုတ်မြစ်ဖြစ်သည့် သင့်လျော်သော ပညာဗဟုသုတကို နားလည်သဘောပေါက်၍ တုံ့ပြန် ဆောင်ရွက်နိုင်ကြောင်းကို သုတေသနပညာရှင်က ပြသရမည်။ ထို့ကြောင့် သုတေသနပညာရှင်၏ တွေ့ရှိချက်များကို လက်ရှိပညာရပ်စာပေတွင် ဖြန့်ဝေပေးသွားနိုင်မည် ဖြစ်သည်။ ဆောင်ရွက်မည့် သုတေသနအတွက် ချမှတ်ထားသည့် နည်းလမ်းနှင့် သုတေသနခေါင်းစဉ်ကို ရွေးချယ်ရာတွင် လွှမ်းမိုးမှုရှိသည့် သီအိုရီများနှင့် ယခင်သုတေသနများကို ပညာရပ်စာပေ လေ့လာမှုက ဖော်ထုတ်ပေးပါသည်။ အတိုချုံးအားဖြင့် ထိရောက်သည့် ပညာရပ်စာပေလေ့လာဆန်းစစ်မှုပါဝင်သည့် အခြေခံကျသော အဓိက စကားရပ် (၅) ခု ရှိပါသည်- သုတေသနစာတမ်း၊ သုတေသန၊ သီအိုရီ၊ ဗဟုသုတနှင့် လစ်ဟာချက်တို့ ဖြစ်သည်။ ဤစာတမ်း၏ ရှေ့ပိုင်းတွင် အဆိုပါစကားရပ်များကို အသေးစိတ် ရှင်းလင်းပြထားသည်။ D Ridley, *The literature review – A Step-by-Step guide for students*, Sage, London, 2008, p. 1.

လစ်ဟာချက်ကို အလွယ်တကူ ရှာဖွေဖော်ထုတ်နိုင်ပါက သုတေသနအတွက် အကျိုးရှိထိရောက်မည် ဖြစ်ကြောင်း စာတမ်းက အကြံပြုထားသည်။

သင့်လျော်သည့် အချက်အလက်များကို ဆက်စပ်ပေါင်းစည်းခြင်းဖြင့် သုတေသန လစ်ဟာချက်များကို ရှာဖွေဖော်ထုတ်ရာတွင် ပိုမိုနားလည်သဘောပေါက်စေရန် သုတေသနပညာရှင်များအား ဤစာတမ်းပါ နည်းလမ်းက ကူညီပေးသည်။ ဤနည်းလမ်းသည် လေ့လာဆန်းစစ်မှုနှင့် ခြုံငုံကောက်ချက်ချခြင်းအကြောင်းအရာကို Bentham ၏ ဆက်စပ်ပေါင်းစပ်မှုဆိုင်ရာ အယူအဆအတိုင်း လိုက်နာထားသည်။[2] လေ့လာမှုဆိုင်ရာ Ogden ၏ စိတ်ကူးသီအိုရီ (Theory of Fictions) သည် ခြုံငုံကောက်ချက်ချခြင်းနှင့် ဆက်စပ်ပေါင်းစည်း ခြင်းနှစ်ခုစလုံးကို ဆန့်ကျင်ထားပါသည်။ ၎င်း Ogden ၏ စိတ်ကူးသီအိုရီ (Theory of Fictions) မှ Bentham နှင့်ပတ်သက်သည့် အမြင်များကို ကောက်နှုတ်စုစည်းပြီးနောက် ခြုံငုံကောက်ချက်ချခြင်းသည် ဆက်စပ်ပေါင်းစည်းခြင်း၏ ဆန့်ကျင်ဘက်ဖြစ်ကြောင်း Ogden က ပြသပါသည်။[3]

ရှင်းလင်းတိကျရန် ရည်ရွယ်ချက်ဖြင့် စာတမ်းသည် ၎င်း၏ဆွေးနွေးချက်ကို ပညာရပ်စာပေ လေ့လာဆန်းစစ်မှု၏ သဘာဝကို ဖော်ပြခြင်းဖြင့် စတင်ထားသည်။ အဆိုပါဖော်ပြချက်ဖြင့် အဓိပ္ပာယ်သတ်မှတ်ချက်အခြေခံကို စာဖတ်သူများအတွက် ခိုင်ခိုင်မာမာ ဖန်တီးပေးသည်။ ထို့အပြင် စာရေးသူတစ်ယောက်အတွက် လိုအပ်သည့် အဓိက စကားရပ်များဆန်းစစ်မှုကို ဆက်လက်ဆွေးနွေးထားသည်။ ၎င်းစကားရပ်များကို ရှားရှားပါးပါး ဆွေးနွေးကြပြီး သမိုင်းဆိုင်ရာ ဂန္ထဝင်အကြောင်းအရာအဖြစ် ထည့်သွင်းထားသည်။ ဤစာတမ်းတွင်မူ အဆိုပါစကားရပ်များကို အဓိပ္ပာယ်သတ်မှတ်၍ ရှင်းလင်းဖော်ပြခြင်းဖြင့် စာဖတ်သူသည် ၎င်းစကားရပ်များအား ကိုးကားနိုင်သည်။ မရှိမဖြစ်အရေးပါသည့် နောက်ခံအကြောင်းအရာကို ဖော်ပြခြင်းဖြင့် ပညာရပ်စာပေရှိ လစ်ဟာချက်များနှင့် သုတေသနနည်းလမ်းများ ရှာဖွေခြင်းအကြောင်းကို စာတမ်းက ဆွေးနွေးထားသည်။ ထို့နောက် စာပေလေ့လာဆန်းစစ်မှု၏ စံနမူနာပြ ပုံစံချခြင်းအကြောင်းကိုလည်း ဆက်လက်ဆွေးနွေးသည်။ နောက်ဆုံးတွင်မှ စာပေလေ့လာဆန်းစစ်ခြင်း၏ ရည်ရွယ်ချက်နှင့် ၎င်းဥပဒေဆိုင်ရာ စာပေလေ့လာဆန်းစစ်ခြင်းကို ရေးသားသည့် နည်းစနစ်များအကြောင်းကို ဆက်စပ်ဆွေးနွေး ပါသည်။

သုတေသနလစ်ဟာချက်များကို ရှာဖွေရန်အလို့ငှာ သုတေသနအကြောင်းအရာကို မှန်မှန်ကန်ကန် သတ်သတ်မှတ်မှတ် လေ့လာပြီး ပညာရပ်နယ်ပယ်ရှိ အယူအဆအမှားများကို ရှာဖွေဖော်ထုတ်ခြင်းဖြင့် ဥပဒေဆိုင်ရာ စာပေလေ့လာဆန်းစစ်မှုသည် များစွာအကျိုးရှိ ထိရောက်စေကြောင်း ဤစူးစမ်းလေ့လာမှု၏ ရလဒ်က အကြံပြုသည်။ ထို့နောက် အဆိုပါဥပဒေဆိုင်ရာ စာပေလေ့လာဆန်းစစ်မှု၏ရလဒ်ကို အခရာကျသည့် သုတေသနမေးခွန်းအဖြစ် ပုံဖော်ရမည်ဖြစ်ပြီး ၎င်းမေးခွန်းကို ဖြေဆိုရန် သုတေသနစာတမ်းအဆိုပြုချက်နှင့် ထိရောက်သေချာသည့် သုတေသနစေရေး သုတေသနရည်မှန်းချက်များကို ဒီဇိုင်းရေးဆွဲ တည်ဆောက်ရမည် ဖြစ်သည်။

---

[2] CK Ogden, *Bentham's Theory of Fictions*, Routledge, New York, 2001, pp. lxxiii-lxxiv.

[3] ခြုံငုံကောက်ချက်ချခြင်းဆိုသည်မှာ မြောက်များလှစွာသော အရင်းအမြစ်များ၏ အမြင်သဘောထားများကို စုစည်း၍ အဆိုပါ အမြင်သဘောထားများအကြား စည်းနှောင်ထားသည့် တူညီသည့် ဆက်သွယ်မှုကို ရှာဖွေခြင်းဖြင့် ပေါ်ပေါက်လာသည်။ ဤကဲ့သို့ ယေဘုယျတူညီသည့် ဂုဏ်သတ္တိသည် ခြုံငုံကောက်ချက်ချခြင်းဖြစ်သည်။ အဆိုပါဂုဏ်သတ္တိကို ၎င်း၏အစိတ်အပိုင်းများအဖြစ် ခွဲထုတ်ခြင်းဖြင့် ဆက်စပ်ပေါင်းစည်းမှု ဖြစ်လာပြီး လေ့လာဆန်းစစ်ခြင်းပေါ်ပေါက်လာသည်။ ဆက်စပ်ပေါင်းစည်းခြင်းနှင့် လေ့လာဆန်းစစ်ခြင်းသည် ဆန့်ကျင်ဘက် ဖြစ်သည်။ သို့သော် ခြုံငုံသုံးသပ်ခြင်းနှင့် ဆက်စပ်ပေါင်းစပ်ခြင်းတို့သည် အတိအကျ ထပ်တူညီမှုမရှိပါ။ အယူအဆများသည် မည်မျှပင် ကွဲပြားခြားနားနေပါစေ ဆက်စပ်ပေါင်းစည်းမှုသည် ၎င်းအယူအဆများကို အတူတကွ ထည့်သွင်းထားခြင်းဖြစ်သည်။ ထို့ကြောင့် ဆက်စပ်ပေါင်းစည်းခြင်းသည် ခြုံငုံကောက်ချက်ချခြင်းဆောင်ရွက်သည့် အခါမှသာလျှင် လေ့လာဆန်းစစ်မှုနှင့် ဆန့်ကျင်ဘက် ဖြစ်ပါသည်။ Ogden

## စာပေလေ့လာဆန်းစစ်မှု အနှစ်ချုပ်ဖော်ပြခြင်း

အခြားသူများ၏ သုတေသနအလုပ်နှင့် ချိတ်ဆက် ဆက်စပ်မှုများရှိခြင်းကြောင့် စာပေလေ့လာဆန်းစစ်ခြင်း[၄] ဖြင့် သုတေသန၏ အခန်းကဏ္ဍကို ပိုမိုကျယ်ပြန့်သည့် ပညာရပ်နယ်ပယ်အတွင်း နေရာတစ်ခု ရရှိစေပါသည်။ ထို့ကြောင့် စာပေလေ့လာဆန်းစစ်မှုသည် သုတေသန၏ မရှိမဖြစ်အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ၎င်း၏ တည်ဆောက်မှုပုံစံကို အစကတည်းက သေသေချာချာ စီစဉ်ရမည် ဖြစ်သည်။[၅] စာပေလေ့လာ ဆန်းစစ်မှုသည် သတင်းအချက်အလက်များကို စိစစ်အကဲဖြတ်ခြင်း[၆]နှင့် ဆက်စပ်ပေါင်းစည်းခြင်းတို့ပင်ဖြစ်ပြီး အကဲခတ်လေ့လာခြင်း အပေါ် အလေးထား၍ ၎င်းတို့မှတဆင့် ကောက်နုတ်ချက်ထုတ်နုတ်ခြင်း ဖြစ်သည်။[၇] အတိုချုပ်ရသော် လေ့လာလျက်ရှိသည့် အကြောင်းအရာနှင့်ပတ်သက်ပြီး ရှာဖွေရရှိနိုင်သမျှ သင့်လျော်သည့်စာပေကို ရည်ရွယ်ချက်ရှိရှိ စေ့စပ်သေချာစွာ အနှစ်ချုပ်ပြီး လေ့လာဆန်းစစ်မှုပြုထားခြင်းပင် ဖြစ်သည်။[၈]

စာပေလေ့လာဆန်းစစ်မှုအတွက် အလုပ်ဖြစ်သည့် ဖော်ပြချက်တစ်ခုကို Ridley က အောက်ပါအတိုင်း ချက်ကျလက်ကျ ဆွေးနွေးပါသည်-

> ပညာရပ်စာပေလေ့လာဆန်းစစ်မှုဆိုသည်မှာ သုတေသနစာတမ်း၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်ပြီး လေ့လာမှုနယ်ပယ်တစ်ရပ်အတွက် ဆက်စပ်သုတေသနနှင့် သီအိုရီများကို ကျယ်ကျယ်ပြန့်ပြန့် ရည်ညွှန်းကိုးကားထားခြင်း ဖြစ်သည်။ မိမိထုတ်နုတ်ထားသည့် စာသားအရင်းအမြစ်များနှင့် မိမိ၏ သုတေသနကို ၎င်းအရင်းအမြစ်များအကြား နေရာချထားခြင်းပြုလုပ်သည့် ဆက်စပ်မှုပင် ဖြစ်သည်။ မိမိလေ့လာသည့်နယ်ပယ်ရှိ အခြားသုတေသနပညာရှင်များနှင့် စာဖြင့်ဆွေးနွေးနိုင်မည့် အခွင့်အလမ်းကို ရရှိစေပါသည်။ တစ်ချိန်တည်းမှာပင် မိမိဆောင်ရွက်မည့် သုတေသန၏ အုတ်မြစ်ဖြစ်သည့် သင့်လျော်သော ပညာဗဟုသုတကို နားလည်သဘောပေါက်၍ တုံ့ပြန်ဆောင်ရွက်နိုင်ကြောင်းကို သုတေသနပညာရှင်က ပြသရမည်။ စာပေလေ့လာဆန်းစစ်မှုသည် မိမိပြုလုပ်ရန်ရွေးချယ်ထားသည့် သုတေသနနည်းလမ်းများနှင့် ခေါင်းစဉ်ရွေးချယ်မှုကို လွှမ်းမိုးစေသည့် သီအိုရီများနှင့် ယခင်သုတေသနများကို သတ်မှတ် ဖော်ထုတ်ခြင်းဖြစ်သည်။ သုတေသနပြုလုပ်မည့် ပြဿနာတစ်ရပ် သတ်မှတ်ခြင်းကို အထောက်အပံ့ပေးရန်သာမက ဖြည့်ဆည်းရန် လိုအပ်မည့် ယခင်သုတေသနရှိ လစ်ဟာချက်ကို ဖော်ထုတ်ပြသနိုင်ရန်အတွက် ပညာရပ်စာပေကို အသုံးပြုနိုင်သည်။ ထို့ကြောင့် ပညာရပ်စာပေ လေ့လာဆန်းစစ်မှုသည် သုတေသနစုံစမ်းလေ့လာခြင်းအတွက် မောင်းနှင်အားအဖြစ်သာမက စမှတ် တစ်ခုအဖြစ် ဆောင်ရွက်ပေးပါသည်။[၉]

---

[၄] လေ့လာဆန်းစစ်မှုကို ဤနေရာတွင် ပညာရပ်စာပေကို နှိုင်းချင့်သုံးသပ်ခြင်း၌ အသုံးပြုသည့် အပြုသဘော ဆောင်သော ချည်းကပ်မှုအဖြစ် ရည်ညွှန်းသည်။ B Steward, 'Writing a literature review', *Br J Occup Ther* 67, 2004, pp. 495-500.

[၅] Ridley, p. 1.

[၆] သတင်းအချက်အလက်များသည် လူသား၏ အတွေ့အကြုံ၊ အချက်ပြခြင်း၊ လှုံ့ဆော်မှု သို့မဟုတ် လှုံ့ဆော်မှုအစုအဖွဲ့လိုက်တို့မှ ပေါ်ထွက်လာသည့် တစ်နေရာမှ တစ်နေရာသို့ ဆက်သွယ်ပေးပို့သော သတင်းစကား ဖြစ်သည်။ အဆိုပါ သတင်းစကားများသည် သံသယကို ဖယ်ရှားပေးနိုင်ပြီး အဓိပ္ပာယ်ပုံဖော်ခြင်းအတွက် အလားအလာကောင်း ရှိပါသည်။ ဘာသာရပ်၊ ဖြစ်စဉ် သို့မဟုတ် ဖြစ်ရပ်တစ်ခုမှ လက်ခံရရှိသော သို့မဟုတ် ဆက်သွယ်ရရှိသော ဗဟုသုတအဖြစ်လည်း အဓိပ္ပာယ်သတ်မှတ်ပါသည်။ M Nuruddeen, 'Legal and human rights issues in Freedom of Information Act 2011', *Human Rights Review,* vol. 2, 2012, pp. 171-190.

[၇] RJ Justus 'A guide to writing the dissertation literature review', *Practical Assessment, Research and Evaluation,* vol. 14, no. 13, 2009, p. 2.

[၈] C Hart, *Doing a literature review*, Sage Publications, London, 1998.

[၉] Ridley, p. 2.

အကျိုးရှိထိရောက်သည့်စာပေလေ့လာမှုသည် ၎င်း၏ ပညာရပ်ဆိုင်ရာနယ်ပယ်နှင့် အဆက်အစပ်ရှိရန် လိုအပ်ပါသည်။ အခြားသုတေသနပညာရှင်များနှင့် စာဖြင့်ရေးသားထားသည့် ခုခံချေပဆွေးနွေးမှု ပါဝင်သည်။[၁၀] သင့်လျော်သည့် နယ်ပယ်တွင် သုတေသနကုန်ကြမ်းများကို ပုံနှိပ်ထုတ်ဝေခွင့် ရပြီးဖြစ်သည့် ပညာရှင်များ၏ သုတေသနအလုပ်များအပေါ် စာပေလေ့လာဆန်းစစ်မှုကို ဆောင်ရွက်ခြင်းဖြင့် သုတေသန ပညာရှင်အလောင်းအလျာကို အထောက်အပံ့ပေးပါသည်။[၁၁] ကောင်းမွန်သည့် စာပေလေ့လာဆန်းစစ်မှု အရည်အသွေးများအနက် တစ်ခုမှာ အရင်းအမြစ်များစွာမှ ဘာသာရပ်တစ်ခုအကြောင်း အချက်အလက်ကို စုဆောင်းခြင်းဖြစ်သည်။[၁၂] ထို့ကြောင့် ပညာဗဟုသုတ မြင့်မားတိုးတက်လာမှု၏ အခြေခံကောင်းအဖြစ် စာပေလေ့လာဆန်းစစ်မှုကို စဉ်းစားနိုင်ပါသည်။ ထို့အပြင် သီအိုရီဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ပံ့ပိုးပေးသည်။ ၎င်းသီအိုရီဖွံ့ဖြိုးတိုးတက်မှုသည် သုတေသနများ ပိုလျှံနေခြင်းကြောင့် ဝေဖန်ခံသည့်နေရာဖြစ်သည့်ပြင် လိုအပ်သည့် သုတေသနနယ်ပယ်များကိုလည်း ဖော်ထုတ်ပေးသည်။[၁၃] သုတေသန သီးသန့်နယ်ပယ်တစ်ခုတွင် စဉ်ဆက်မပြတ်တိုးတက်မှုကို ဆောင်ရွက်သည့် မည်သူမဆို အခြားသူများကို ၎င်းတို့သင်ယူခဲ့သည့်အချက်အား ပြောပြနိုင်သည့်အခန်းကဏ္ဍ ရှိနေပါသည်။ ထို့အပြင် အကျိုးအများဆုံး နယ်ပယ်ကို အာရုံစိုက်မှုရရှိစေဖို့အတွက်လည်း လမ်းညွှန်ပေးသည်[၁၄] သာမက သုတေသနအလုပ်တွင် စာပေလေ့လာ ဆန်းစစ်မှု၏ အရေးပါမှုကိုလည်း အကြံပြုပါသည်။

ပညာရပ်စာပေလေ့လာဆန်းစစ်မှုများကို နေရာအများအပြားတွင် တွေ့ရှိရပြီး များပြားသော နောက်ခံအကြောင်းရင်းများကြောင့် ရေးသားခြင်းလည်း ဖြစ်သည်။[၁၅] ဥပမာအနေဖြင့် ပညာရပ်စာပေ လေ့လာဆန်းစစ်ခြင်းကို ရန်ပုံငွေလျှောက်ခြင်းနှင့် ပညာရပ်ဆိုင်ရာဘွဲ့များအတွက် အဆိုပြုချက်ရေးသားခြင်းတို့တွင် တွေ့ရှိရသည်။ ထို့အပြင် သုတေသနဆောင်းပါးများ၊ အသက်မွေးဝမ်းကြောင်းနှင့် သက်သေအခြေပြု အလေ့အကျင့်ဆိုင်ရာ လမ်းညွှန်ချက်များတွင်ပါ စာပေလေ့လာဆန်းစစ်မှုကို တွေ့ရှိရသည်။ တစ်ဦးချင်းစီ၏ သိချင်စိတ်ပြင်းပြမှုအပေါ် ကျေနပ်နှစ်သိမ့်မှုရရှိစေရန် ရေးသားသည့် အစီရင်ခံစာတို့တွင်လည်း တွေ့ရှိရသည်။[၁၆] သို့ရာတွင် ဥပဒေပညာရပ်၏ ကျိုးကြောင်းဆီလျော်မှုဆိုင်ရာ အကြောင်းအရာအတွင်းရှိ စာပေလေ့လာဆန်းစစ်မှုများဆိုင်ရာ အယူအဆကို ဤစာတမ်းက ရှင်းလင်းပါသည်။

## စာပေလေ့လာဆန်းစစ်မှု၏ အခြေခံသဘောတရားများ

စာပေလေ့လာဆန်းစစ်မှုရှိ မရှိမဖြစ်လိုအပ်သည့်သဘောတရားများကို ချမှတ်ခြင်းဖြင့် အထက်တွင် ဖော်ပြထားသကဲ့သို့ Ridley က သရုပ်ဖော်ပြထားသည်။ သူမ၏ သရုပ်ဖော်ချက်တွင် ပါရှိသည့် အဓိက အခြေခံသဘောတရား (၅) ချက်ကို ကျိုးကြောင်းဆီလျော်မှုရှိရှိဖြင့် စစ်ဆေးရန် လိုအပ်ပါသည်။ ၎င်း (၅) ချက်မှာ သုတေသနစာတမ်း၊ သုတေသန၊ သီအိုရီ၊ ဗဟုသုတနှင့် လစ်ဟာချက်တို့ ဖြစ်သည်။ ၎င်းသဘောတရား (၅) ချက်အပေါ် အခြေခံ၍ ဥပဒေဆိုင်ရာစာပေ

[၁၀] WL Neuman, *Social research methods: qualitative and quantitative approaches*, 5th edn, Pearson Education Inc., Boston, 2003, p. 96.

[၁၁] Z O'Leary, *Researching real-world problems: a guide to methods inquiry*, Sage Publications Ltd., London, 2005, pp. 45-47.

[၁၂] C Patricia, F Ryan & M Coughlan, 'Undertaking a literature review: a step-by-step approach', *British Journal of Nursing*, vol. 17, no.1, 2008, p. 40.

[၁၃] J Webster & RT Watson, 'Analyzing the past to prepare for the future: writing a literature review', *MIS Quarterly,* vol. 26, no. 2, June 2002,pp. xiii-xxiii, p xiii.

[၁၄] Webster & Watson.

[၁၅] A Bolderston, 'Writing an effective literature review', *Journal of Medical Imaging and Radiation Sciences*, vol. 39, 2008, pp. 86-92.

[၁၆] A Fink, *Conducting research literature reviews: from the internet to paper*, 2nd edn, Sage Publications, Thousand Oaks, Canada, 2004, pp. 20.

လေ့လာဆန်းစစ်မှုကို အကျိုးရှိရှိ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည့် သဘောတရားများကို တိုးတတ်ဆောင်ရွက်သွားနိုင်သည်။ ၎င်း အခြေခံသဘောတရားများမှာ အောက်ပါအတိုင်းဖြစ်သည်-

## သုတေသနစာတမ်း

ပညာရပ်စာပေလေ့လာဆန်းစစ်ခြင်းသည် သုတေသနစာတမ်း၏ အစိတ်အပိုင်းဖြစ်ပြီး[၁၇] သုတေသနပညာရှင်သည် ၎င်း၏ သုတေသနပြုသည့်နယ်ပယ်ရှိ ဆက်စပ်သုတေသနနှင့် သီအိုရီများကို ကျယ်ကျယ်ပြန့်ပြန့် ရည်ညွှန်းကိုးကားနိုင်ရေးအတွက်လည်း စီစဉ်ပေးပါသည်။[၁၈] သုတေသနစာတမ်းဆိုသည်မှာ အဆိုပြုချက်တစ်ခု[၁၉]ကို ခုခံကာကွယ်ခြင်း သို့မဟုတ် ချေပခြင်းဟု အဓိပ္ပာယ် သက်ရောက်ပြီး[၂၀] အဆိုပါအချက်သည် စာတို၊ အစီရင်ခံစာ၊ မိန့်ခွန်း သို့မဟုတ် သုတေသနစာတမ်းများ၏ အဓိကအယူအဆပင် ဖြစ်ပါသည်။ တခါတရံတွင် သုတေသနစာတမ်း ဖော်ပြချက်ဟု အမည်တွင်သည့် ထုတ်ဖော်ပြောဆိုသည့် ဝါကျတစ်ခုအနေဖြင့်လည်း ရေးသားပါသည်။ ၎င်းဖော်ပြချက်တွင် သုတေသနဆိုင်ရာ သီးသန့်ပြဿနာတစ်ရပ်ကို ရှာဖွေ့လေ့လာရာမှ ထွက်ပေါ်လာသည့် အယူအဆတစ်ခု၊ ရှင်းလင်းပြတ်သားသည့် ဦးတည်ချက်နှင့် တိတိကျကျ ညွှန်းဆိုဖော်ပြချက်တို့ ပါဝင်သည်။ သုတေသနဖော်ပြချက်ကို မှန်ကန်ကြောင်း အခိုင်အမာထွက်ဆိုချက် သို့မဟုတ် ပြောဆိုချက်ပုံစံဖြင့် ဖော်ပြပြီး ၎င်း၏ သုတေသနသည် မှန်ကန်ကြောင်း သို့မဟုတ် ပိုအရေးကြီးကြောင်း သုတေသနပညာရှင်က အဆိုပြုသည်ကို ဖော်ညွှန်း ပါသည်။[၂၁]

အချို့ကိစ္စများတွင် သုတေသနစာတမ်း ဖော်ပြချက်ကို ဝါကျတစ်ကြောင်းထက်ပို၍ ရေးသားဖော်ပြနိုင်သည်။ အပိုဒ်ငယ်တစ်ခုပါ အကျိုးအကြောင်းဖော်ပြသည့် ဝါကျတစ်ကြောင်းဖြင့် ဖော်ပြလေ့ရှိသည်။[၂၂] ၎င်းဝါကျသည် ရိုးစင်းသည့် ဝါကျပုံစံ သို့မဟုတ် အပိုဒ်ငယ်များစွာ ပါဝင်သည့် ပုံစံဖြင့် ရေးသားလေ့ရှိသည်။[၂၃] ဥပမာ သုတေသနပညာရှင်သည် သုတေသနစာတမ်းဖော်ပြချက်ကို ပိုမိုရှင်းလင်းစေရန် ရည်ရွယ်၍ ပိုမိုအရည်အသွေး ကောင်းစေမည့် သို့မဟုတ် အထောက်အပံ့ပေးမည့် အချက်အလက်များကို ပေါင်းထည့်ခြင်းဖြင့် သူ သို့မဟုတ် သူမသည် အဆိုပါ အချက်အလက်များကို ပင်မအယူအဆအတွင်း ထည့်သွင်းသင့်သည်။ ထို့သို့ဆောင်ရွက်ခြင်းဖြင့် သုတေသနစာတမ်းသည် ၎င်း၏ ဦးတည်ချက်နှင့် အာရုံစူးစိုက်မှုကို ပျောက်ဆုံးစေလိမ့်မည် မဟုတ်ပါ။[၂၄]

အကျိုးရှိထိရောက်သည့် စာပေလေ့လာဆန်းစစ်မှုများ၊ အခြားပညာရပ်သာမက ပညာရပ်နှင့် မသက်ဆိုင်သော ရေးသားမှုများတွင် သုတေသနစာတမ်း ဖော်ပြချက်ကို အသုံးပြုခြင်းဖြင့် အကျိုးကျေးဇူး အများအပြား ရရှိပါသည်။ ၎င်းသုတေသနစာတမ်းဖော်ပြချက်သည် သုတေသနဆောင်ရွက်စဉ် တလျှောက်လုံး သုတေသနပညာရှင်အား ၎င်း၏ ဦးတည်ချက်အပေါ် အမြဲအာရုံစိုက်နေရန် ကူညီပါသည်။ သုတေသနပညာရှင်က မည်သည့်အရာကို ရေးသားသနည်း

[၁၇] ပညာရပ်စာပေ လေ့လာဆန်းစစ်ခြင်းကို ရန်ပုံငွေလျှောက်ခြင်း သုတေသနဆောင်းပါးများ၊ အသက်မွေးဝမ်းကြောင်းနှင့် သက်သေအခြေပြု အလေ့အကျင့်ဆိုင်ရာ လမ်းညွှန်ချက်များတွင် စာပေလေ့လာဆန်းစစ်မှုကို တွေ့ရှိရသည်။ Fink

[၁၈] Ridley, p. 2.

[၁၉] GA Kennedy, *Progymnasmata – Greek textbooks of Prose Composition and Rhetoric*, Society of Biblical Literature, Atlanta, USA, 2003, pp. 55-56

[၂၀] ချေပခြင်း (Refutation) ဆိုသည်မှာ အကျိုးအကြောင်းသင့် ခုခံချေပဆွေးနွေးမှု၏ အစိတ်အပိုင်းဖြစ်ပြီး စာရေးသူ သို့မဟုတ် ဟောပြောသူသည် ဆန့်ကျင်ဘက်အမြင်များကို တန်ပြန်တုံ့ပြန်သည်။ EPJ Corbett & RJ Connors, *Classical Rhetoric for the modern students,* 4th edn, Oxford University Press New York, 1999, p. 484.

[၂၁] JC Hodges, ST Web & RK Miller, *Harbrace College handbook*, 12th edn, Harcourt Brace College Publishers, USA, 1994, pp. 362-365.

[၂၂] Hodges, Web & Miller.

[၂၃] Hodges, Web & Miller.

[၂၄] Hodges, Web & Miller.

ဆိုသည်ကို အလင်းပြပြီး မည်သည့်ချည်းကပ်မှုကို အသုံးပြုသနည်းနှင့် အချို့ကိစ္စများတွင် သုတေသန ဖွံ့ဖြိုးတိုးတတ်ရန် အသုံးပြုသည့် စီမံချက်များကိုလည်း ဖော်ပြပါသည်။[၂၅]

ရှင်းလင်းတိကျသည့် သုတေသနစာတမ်း ဖော်ပြချက်သည် သုတေသနအား အတူတကွ ပေါင်းစည်းရန်အတွက် သုတေသနပညာရှင်ကို ကူညီပါသည်။ ဥပမာ စာပေလေ့လာဆန်းစစ်မှုကို ဆောင်ရွက်ခြင်းဖြင့် မည်သည့်အချက်အလက်အသေးစိတ်များကို ပြုလုပ်နေသည့် သုတေသနအတွက် ဆက်လက်ထိန်းသိမ်းရမည်၊ မည်သည့်အချက်များကို စွန့်ပယ်ရမည်တို့နှင့် ပတ်သက်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် သုတေသနစာတမ်းဖော်ပြချက်က လမ်းညွှန်ပေလိမ့်မည်။ အမှန်အားဖြင့် အချက်တစ်ခုကို ပိုမိုခိုင်မာအားကောင်းစေရန် နောက်ထပ်လိုအပ်မည့် အချက်အလက်များကို ရှာဖွေရန်အတွက် သုတေသနစာတမ်း ဖော်ပြချက်ကိုလည်း အသုံးပြုနိုင်သည်။[၂၆] သုတေသနစာတမ်း ဖော်ပြချက်သည် နိဒါန်းပိုင်း သို့မဟုတ် သုတေသနစာတမ်း၏ ပင်မအကြောင်းအရာဖော်ပြချက်၏ မည်သည့်နေရာတွင်မဆို သို့မဟုတ် နိဂုံး/ကောက်ချက်ချခြင်းအပိုင်းတို့တွင် တွေ့မြင်နိုင်သည်။[၂၇] သို့သော် ၎င်းသုတေသနစာတမ်းဖော်ပြချက်ကို နိဒါန်းအပိုင်းတွင် ထည့်ပါက ပို၍ အကျိုးရှိပါလိမ့်မည်။ ဤနေရာတွင် စာရေးသူက မည်သည့်အကြောင်း ရေးသားထားသည်အပါအဝင် သုတေသန၏ အလေးထားရမည့် အချက်ကို စာဖတ်သူအနေဖြင့် အစကတည်းက သိမြင်ပါလိမ့်မည်။[၂၈]

သုတေသနပညာရှင်တစ်ဦးသည် ၎င်း၏ တွေးတောခြင်းနှင့် စူးစမ်းရှာဖွေသည့် လုပ်ငန်းစဉ်များမှ ဖောက်ထွက်၍ သုတေသနစာတမ်းဖော်ပြချက်ကို တိုးတတ်အောင် ရေးသားသင့်သည်။[၂၉] သို့သော် ရည်မှန်းချက်ပန်းတိုင်သည် ကိုယ်တိုင် သက်သေပြရမည့် အဆိုပြုချက် ဖြစ်ရန် မလိုပေ။ သို့မဟုတ် စာဖတ်သူများအတွက် အရမ်းကျယ်ပြန့်လွန်း၊ အရမ်း ကျဉ်းမြောင်းလွန်းသည့် အဆိုပြုချက် မဖြစ်ရပါ။[၃၀] သုတေသနစာတမ်း ဖော်ပြချက်၏ အဓိကအယူအဆနှင့် ဆန့်ကျင်ကွဲလွဲနေမှု မရှိစေရန် သုတေသနပညာရှင်သည် သူရေးသားထားသမျှအရာများကိုပုံမှန် စစ်ဆေးသင့်သည်။ အကယ်၍ ပိုမို အကျိုးများမည့် လမ်းကြောင်းကို ရှာဖွေတွေ့ရှိပါက သုတေသနစာတမ်း ဖော်ပြချက်ကို ပြောင်းလဲရန် လက်တွန့်မနေသင့်ပါ။ အထူးသဖြင့် ပြန်လည်စစ်ဆေးသည့်အဆင့်သို့ ရောက်ရှိပါက သုတေသန စာတမ်း ဖော်ပြချက်ကို ဆန့်ကျင်ရေးသားထားသည့် အရာအားလုံးကို စမ်းသပ်သင့်ပြီး သေချာစွာ စွန့်ပယ်သင့်သည်။ သို့မဟုတ် ဆန့်ကျင်ဘက်ဖြစ်နေသည့် အချက်အလက်အားလုံးကို မှတ်သားရမည်။[၃၁] ဤသို့ဆောင်ရွက်ခြင်းဖြင့် အတူတကွ ပေါင်းစပ်စေသည့် အက်ဆေး (စာတို) သို့မဟုတ် သုတေသနစာတမ်းအဖြစ် သေချာစေလိမ့်မည်။[၃၂]

သုတေသနပညာရှင်သည် သုတေသနစာတမ်း ဖော်ပြချက်ရေးသားစဉ်[၃၃]တွင် အဓိပ္ပာယ်မသဲကွဲဘဲ ယေဘုယျဆန်သည့် အထူးပြုပုဒ်များ (vague qualifiers) ကို ရှောင်ရှားသင့်သည်။[၃၄] ဥပမာ သုတေသနစာတမ်း ဖော်ပြချက်ပါ

---

[၂၅] Hodges, Web & Miller.

[၂၆] Hodges, Web & Miller, pp. 362-365.

[၂၇] နည်းတစ်ခုမျှသာဖြစ်သည့်အတွက် သုတေသနပညာရှင်သည် ၎င်း၏လေ့လာမှုနှင့် ကိုက်ညီသည့် တစ်ခုကို ရွေးချယ်နိုင်သည်။

[၂၈] Hodges, Web & Miller.

[၂၉] ကောင်းမွန်သည့်အစပျိုးမှုများကို အသုံးပြုခြင်းဖြင့် သုတေသနသည် သုတေသနစာတမ်းဖော်ပြချက်ကို တည်ဆောက်သင့်သည်။

[၃၀] Hodges, Web & Miller, pp. 362-365.

[၃၁] Hodges, Web & Miller.

[၃၂] Hodges, Web & Miller.

[၃၃] Hodges, Web & Miller.

[၃၄] အဓိပ္ပာယ်မသဲကွဲဘဲ ယေဘုယျဆန်သည့် အထူးပြုပုဒ်များ (vague qualifiers) ဆိုသည်မှာ ခံစားချက်ကို ခိုင်မာအားကောင်းစေသည့် အဓိပ္ပာယ်ရှိသော စကားလုံးများ ဖြစ်သည်။ ဥပမာ 'စိတ်ဝင်စားစရာကောင်းသော'၊ 'တမူထူးခြားသော'၊ 'အလွန်'၊ 'လွန်ကဲသော'၊ 'လုံးဝ'၊ 'အပြည့်အဝ'၊ 'လုံးလုံးလျားလျား'၊ 'အမှန်တကယ်' သို့မဟုတ် 'ပြီးပြည့်စုံသော' စသည်တို့ဖြစ်သည်။ သို့မဟုတ် အရေးမကြီးဟု ထင်မြင်စေသည့် စကားလုံးများ ဖြစ်သည့် 'အနည်းငယ်'၊ 'တော်တော်'၊ 'နည်းနည်းပါးပါး'၊

"ကျွန်ုပ်၏ ပညာရေးသည် အလွန် တမူထူးခြားလျက်ရှိသည်" ဆိုသည့် စကားရပ်တွင် "တမူထူးခြား" ဆိုသည့် စကားသည် အဓိပ္ပာယ်မသဲကွဲဘဲ ယေဘုယျဆန်ပါသည်။ အယူအဆကိုယ်တိုင် မလေးနက်ဘဲ အကျိုးဖြစ်ထွန်းမှု မရှိကြောင်း ၎င်းစကားလုံးက ညွှန်ပြလျက်ရှိပြီး သုတေသနပညာရှင်များသည် ပိုမိုလျော်ကန် သင့်မြတ်သည့် သာသာရပ်ကိုရှာဖွေရန် လိုအပ်ကြောင်းကိုလည်း သိမြင်စေသည်။[၂၅]

သို့ရာတွင် အဓိပ္ပာယ်မသဲကွဲဘဲ ယေဘုယျဆန်သည့် အထူးပြုပုဒ်များပါဝင်သည့် သုတေသနစာတမ်း ဖော်ပြချက်ပါ စကားလုံးများကို အဓိပ္ပာယ်ပိုမို ပြည့်ဝသည့် စကားလုံးများနှင့် အစားထိုးခြင်းဖြင့် တခါတရံတွင် ပိုမို ထိရောက်စေနိုင်သည်။[၂၆] အဓိပ္ပာယ်မသဲကွဲဘဲ ယေဘုယျဆန်သည့် ဖော်ပြချက်များဖြစ်သည့် "ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ကျွန်ုပ်တွင် အခက်အခဲ ကြုံတွေ့ရသည်" နှင့် "နွေရာသီသည် စိတ်ဝင်စားဖွယ်ကောင်းသော ရာသီဥတုဖြစ်သည်" တို့ကို ပို၍ ဦးတည်ချက်ရှိပြီး ရှင်းလင်းတိကျသည့် စကားလုံးများဖြင့် လဲလှယ်နိုင်သည်။ ၎င်းဝါကျများကို "အထူးသဖြင့် ငွေရေးကြေးရေးကိစ္စနှင့် အခြားသူများအပေါ် အကျိုးသက်ရောက်စေမည့် ကိစ္စရပ်များတွင် ဆုံးဖြတ်ချက် ချမှတ်ခြင်းသည် ကျွန်ုပ်အတွက် ခက်ခဲသည်" နှင့် "နွေရာသီသည် ကိုယ်အလေးချိန်လျှော့ချရန် အကောင်းဆုံး ရာသီဥတုဖြစ်သည်" ဟူ၍ အသီးသီး ပြင်ဆင်နိုင်သည်။[၂၇]

အခြားသောအမြင်မှာ သုတေသနစာတမ်းသည် လုပ်ငန်းတစ်ခုလုံးအနေဖြင့် ရှေးယခင်ကတည်းက ချမှတ်ထားသည့် ပုံစံပင် ဖြစ်သည်။ ၎င်းသည် သုတေသနအပေါ် အခြေခံထားသည့် မူလရင်းမြစ်အလုပ်၏ ဉာဏဆိုင်ရာ အစိတ်အပိုင်း သို့မဟုတ် လေ့လာမှုနယ်ပယ်တစ်ခုအတွက် အဆင့်မြင့်ပညာရေးဘွဲ့တစ်ခုကို ရရှိရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သည့် လေ့လာမှုတစ်ခုပင် ဖြစ်သည်။[၂၈] အင်္ဂလန်နိုင်ငံ၏ အတွေးအမြင်သစ် ခေတ်ဆန်းချိန် (English Renaissance) သည် ရှေးဟောင်း စကားတန်ဆာလင်္ကာဆင်သည့် ဆိုးဖစ်သင်ကြားမှုများကို ပညာရေးဆိုင်ရာ သင်ရိုးညွှန်းတမ်း အသစ်များအဖြစ် လူသားများက ထိုးဖောက်မိတ်ဆက်ခြင်းကို တွေ့မြင်ရသည်။ ဥပမာအားဖြင့် Van der Poel ၏ တွေ့ရှိချက်အရဆိုလျှင် ကျောင်းသားများသည် ၎င်းတို့ ဆိုးဖစ်သင်ကြားမှုနည်းလမ်းများအတိုင်း သင်ကြားနိုင်ပြီး အခြေခံအားဖြင့် စကားတန်ဆာလင်္ကာဆင်သည့်အတတ် (*progymnasmata*) တွင် ဆရာတစ်ဆူ ဖြစ်လာကြသည်။[၂၉]

---

'အတော်အတန်' စသည်တို့ ဖြစ်သည်။ အဆိုပါ ယေဘုယျဆန်သည့် အထူးပြုပုဒ်များသည် မိန့်ခွန်းပြောကြားရာတွင် တန်ဖိုးရှိသည်။ အဓိပ္ပာယ်ပြည့်စုံသည့်စကားလုံးကို စဉ်းစားမရသောအခါ ၎င်းအထူးပြုပုဒ်များသည် ကျွန်ုပ်တို့ပြောကြားသည့် အဓိပ္ပာယ်ကို ပိုမို နီးစပ်စေသည်။ ယေဘုယျဆန်သည့် အထူးပြုပုဒ်များနှင့် ပတ်သက်၍ စိတ်ဝင်စားစရာအကောင်းဆုံးနှင့် ဝိရောဓိအဖြစ်ဆုံးအကြောင်းအရာမှာ ၎င်းတို့သည့် အမှန်အားဖြင့် အားနည်းကြခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ယေဘုယျဆန်သည့် အထူးပြုပုဒ်များအား ဖြုတ်ခြင်းသည် သိချင်စိတ်ပြင်းပြသော ဖက်လဲတကင်း ကြိုဆိုမှုကို ဖန်တီးပေးသည်။ ယေဘုယျဆန်သည့် အထူးပြုပုဒ်များဖြုတ်ထားသည့် စကားလုံးသည် တစ်ကိုယ်တည်း ပို၍အဓိပ္ပာယ် အားကောင်းလာပြီး ယုံကြည်မှု ပိုရှိလာစေသည်။ P LaRocque, *'Vague Qualifiers' - A Commentary'*, KERA News, 2015, retrieved 9 June 2015, <http://keranews.org/post/vaguequalifiers-commentary>.

[၂၅] Hodges, Web & Miller.

[၂၆] Hodges, Web & Miller.

[၂၇] Hodges, Web & Miller.

[၂၈] NM Noor, *Writing research and thesis proposals: guide lines and examples*, Penerbit Press (UiTM), Malaysia, 2012, pp. 2-3.

[၂၉] စကားတန်ဆာလင်္ကာဆင်ပြောဆိုမှုအတတ်။ အရိုးစင်းဆုံးမှသည် အခက်ခဲဆုံးနှင့် အရှုပ်ထွေးဆုံးအထိ စီစဉ်ထားသည့် အဟောအပြောလေ့ကျင့်ခန်းပင် ဖြစ်သည်။ ရှေးခေတ် စကားလင်္ကာတန်ဆာဆင် ဟောပြောသူ ဆိုးဖစ် ပညာရှင်မျိုးစုံတို့မှ တီထွင်ဖန်တီးထားသည့် စကားတန်ဆာလင်္ကာဆင်ပြောဆိုမှုအတတ်ပုံစံမျိုးစုံ ရှိပါသည်။ ပုံစံအများစုတွင် ဘန်ဇန်တိုင်းခေတ် စကားတန်ဆာလင်္ကာဆင်ပြောဆိုမှုအမျိုးအစားသည် အခြေခံအကျဆုံးအဖြစ် သတ်မှတ်ကြသည်။ ဒုတိယအခက်ခဲဆုံးသည် သုတေသနစာတမ်းဖြစ်ပြီး စကားတန်ဆာလင်္ကာဆင်ပြောဆိုရာတွင် အဟောအပြောဆိုင်ရာအမြင့်ဆုံးနှင့် အရှုပ်ထွေးဆုံး လေ့ကျင့်ခန်းသည် "ဥပဒေတစ်ခု ပြုလုပ်ခြင်း" ပင်ဖြစ်သည်။ ရှေးခေတ် ဂန္ထဝင် စကားတန်ဆာဆင်မှုနှင့် ပတ်သက်သည့် စကားတန်ဆာလင်္ကာဆင်ပြောဆိုမှုကျောင်းများမှ ပေးသည့် လေ့ကျင့်ခန်းများကို George Kennedy က စာရင်းပြုစုထားသည်။ Kennedy, p. 97.

ထို့နောက် ၎င်းတို့၏ စကားတန်ဆာလင်္ကာဆင်ဟောပြောသည့်အတတ်တွင် အထွတ်အထိပ်သို့ ရောက်ရှိလာပါက[၄၀] အာပေါင်အာရင်းသန်သန် လင်္ကာရွတ်ဆိုဟောပြောခြင်းတို့ကို စတင် လုပ်ဆောင်ကြသည်[၄၁]။ ရှေးဟောင်း အချက်အလက်အခြေပြု (didactic) စကားတန်ဆာလင်္ကာဆင်ပြောဆိုမှုနှင့် လူသားအခြေပြု (humanist) စကားတန်ဆာလင်္ကာဆင်ပြောဆိုမှုများသည် Cicero ၏ သုတေသနစာတမ်းဆိုင်ရာ စကားလင်္ကာ တန်ဆာဆင်ခြင်း အလေ့အကျင့်နှင့် ချိတ်ဆက်နေပါသည်။[၄၂] သုတေသနစာတမ်းဆိုသည်မှာ အရင်းခံအားဖြင့် ရှေးယခင်ကတည်းက တည်ရှိခဲ့သည့် ကျင့်ဝတ်ဆိုင်ရာ ဥပဒေအကြို ပညာရပ်နယ်ပယ်ရှိ အတွေးအခေါ်နှင့် ယုတ္တိဗေဒ နည်းကျ ကျိုးကြောင်း ဆင်ခြင်မှုဆိုင်ရာ အဓိက လေ့ကျင့်ခန်းတစ်ခုပင် ဖြစ်သည်။ အဆိုပါ လေ့ကျင့်ခန်းမှ လက်တွေ့ ကျင့်သုံးလျက်ရှိသည့် ကျင့်ဝတ် သို့မဟုတ် ကိုယ်ကျင့်တရားဆိုင်ရာ ကျိုးကြောင်းဆင်ခြင်မှုမရှိခြင်းအကြောင်းကို ချက်ကျလက်ကျ ဆွေးနွေး ငြင်းခုံမှု ပေါ်ပေါက်လာသည်။ လူတစ်ဦးတစ်ယောက်၊ အချိန် သို့မဟုတ် နေရာကို ရည်ညွှန်းကိုးကားခြင်းမရှိဘဲ သီအိုရီအရ ကောင်းကျိုး ဆိုးပြစ်ကိုသာ ဆွေးနွေးသည်။ လူ၊ အချိန် သို့မဟုတ် နေရာပါဝင်သည့် လက်ဆုပ် လက်ကိုင်ပြနိုင်သော အခြေအနေများဖြင့် တွဲယှက်ထားရန်အတွက် အဆိုပါ ပုံစံကို Cicero က ပြုပြင်မွမ်းမံထားခြင်း ဖြစ်သည်။ ထိုသို့ပြုပြင်မွမ်းမံခြင်းဖြင့် ဥပဒေဆိုင်ရာ လျှောက်လဲခြင်းနှင့် အများပြည်သူသို့ မိန့်ခွန်းပြောကြားခြင်း တို့တွင် (အနုမာနအယူအဆ) ချက်ကျလက်ကျ ဆွေးနွေးငြင်းခုံမှုကို ပိုမိုထိရောက်စွာ အသုံးချနိုင်သည်။[၄၃]

ထို့ကြောင့် ရှေးဟောင်းဂရိခေတ် အခြေအတင် စကားတန်ဆာလင်္ကာဆင်သည့်အတတ်ပညာဆိုင်ရာ အကြောင်းအရာ အရ သုတေသနစာတမ်းသည် ကျောင်းသားတစ်ယောက်အနေဖြင့် ကိစ္စရပ်တစ်ခုကို တစ်ဖက် သို့မဟုတ် အခြားတစ်ဖက်မှ ချက်ကျလက်ကျ ဆွေးနွေးရသည့် လေ့ကျင့်ခန်းတစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။[၄၄] ပို၍ ရှင်းလင်း ပြသရမည်ဆိုလျှင် ကျောင်းသားများအား အခြေခံ စကားလင်္ကာတန်ဆာဆင်သည့် အယူအဆများနှင့် နည်းဗျူဟာ များကို မိတ်ဆက်ပေးသည့် လေ့ကျင့်ခန်းများအတွဲလိုက်သည်[၄၅] စကားတန်ဆာလင်္ကာဆင်မှုအတတ်[၄၆]ပင် ဖြစ်သည်။ စကားတန်ဆာလင်္ကာဆင်မှုအတတ်တွင် အဆင့်ခွဲခြား သတ်မှတ်ထားသည့် စကားလင်္ကာတန်ဆာဆင်သည့် စာစဉ် လေ့ကျင့်ခန်း အတွဲလိုက် ပါဝင်သည်။[၄၇] ပိုမို ရင့်ကျက်ပြီး အတွေ့အကြုံရှိလာစေရန်အတွက် ၎င်းစာစဉ်

---

[၄၀] MV Poel, 'The Latin Declamatio in Renaissance Humanism,' *The Sixteenth Century Journal,* vol. 20 no. 3, 1989, pp. 471-478. စကားတန်ဆာလင်္ကာဆင်ကာ အခြေအတင် ဆွေးနွေးငြင်းခုံမှုဥပမာကို အောက်တွင် ကြည့်ရှုနိုင်သည်။

[၄၁] စကားတန်ဆာလင်္ကာဆင်ကာ အခြေအတင် ပြောဆိုခြင်း (*declamation*) ဟုလည်း ခေါ်ဆိုသည်။ ၎င်းတွင် အားပျော့သည့် ပြောဆိုခြင်းနှင့် အားပြင်းသည့် ပြောဆိုခြင်းဟူ၍ နှစ်မျိုးရှိသည်။ အဆိုပါ စကားတန်ဆာလင်္ကာဆင် ပြောဆိုမှုသည် အေဒီ (၂) ရာစုခန့်က စတင်ခဲ့ပြီး ရောမခေတ် ကျောင်းဆရာ Quintilian နှင့် သက်ဆိုင်သည်။ ပို၍ အသေးစိတ် ဆိုရသော် "ရောမခေတ် ကျောင်းဆရာ Quintilian ၏ စာသင်ကျောင်း" မှ စတင်ပေါ်ထွက်လာခြင်းဖြစ်သည်ဟု သတ်မှတ်သည်။ ဂရိနှင့် လက်တင် ခေတ်တို့အထိ ရှင်သန်လျက်ရှိသည့် သင်ကြားရေးနည်းစနစ်များအနက် တစ်ခုဖြစ်သည်။ ရောမခေတ် အဆင့်မြင့် ပညာရေး ဆိုသည်မှာ စကားတန်ဆာလင်္ကာဆင်ခြင်း၊ အနုပညာနှင့် နှုတ်ရေးဖြင့် ဆွဲဆောင်မှုအတတ်ဆိုင်ရာ ပညာရေးတစ်ခုပင် ဖြစ်သည်။ အဓိကသင်ကြားပေးလိုသည့်ပညာမှာ စကားတန်ဆာလင်္ကာဆင် ပြောဆိုမှုပညာ ဖြစ်သည်။ တရားရုံးတွင် တရားလိုမှ တရားစွဲဆိုခြင်းမပြုခင် တရားပြိုင်ကို သတ်မှတ်ဖော်ထုတ်နိုင်ခြင်း မရှိသည့် အမှုများအတွက် ပြောကြားချက် နမူနာများသည် ယနေ့ခေတ်၏ စကားတန်ဆာလင်္ကာဆင်ကာ အခြေအတင်ပြောဆိုခြင်းတွင် ပါဝင်ပါသည်။ ၎င်းပြောကြားချက် နမူနာများနှင့်အတူ တင်ပြခြင်းနှင့် ဆွေးနွေးငြင်းခုံခြင်းဆိုင်ရာ နည်းပရိယာယ်များနှင့် ပတ်သက်သည့် မှတ်ချက်များနှင့် အကြံပြုချက်များလည်း ပါဝင်သည်။ ဤသို့ဖြင့် စာဖတ်သူအား ရောမခေတ် ဥပဒေနှင့် ပညာရေးအကြောင်း အသိအမြင်ကို ရရှိစေသည်။ DRS Bailey, *the Lesser Declamations*, vol. 1, Harvard University Press, England, 2006, pp. 1-4.

[၄၂] Poel.

[၄၃] Poel.

[၄၄] N Richard, *Thesis (composition)*, About Education, 2015, retrieved 22 March 2015, <http://grammar.about.com/od/tz/g/thesis.htm>.

[၄၅] N Richard, *What are Progymnasmata? Classical Rhetorical exercises for today's writers*, About Education, 2015, retrieved 28 March 2015, <http://grammar.about.com/od/qaaboutrhetoric/f/fqprogymnasmata.htm>.

[၄၆] Kennedy, pp. x-xi.

[၄၇] Richard.

လေ့ကျင့်ခန်းများအား ကျောင်းသားများကို ဖြေဆိုစေပါသည်။ အဆိုပါ စာစဉ်လေ့ကျင့်ခန်းများသည် လွန်ခဲ့သည့် နှစ်ပေါင်း (၂၀၀၀) အတွင်း ဂရိနှင့် ရောမခေတ်တို့တွင် ဖွံ့ဖြိုးလာခြင်းဖြစ်သည်။[၄၈] အစဉ်အလာအားဖြင့် စကားတန်ဆာ လင်္ကာဆင်မှုအတတ်တွင် ရှုပ်ထွေးနက်နဲမှုအလိုက် အဆင့်သတ်မှတ်ထားသည့် စာစဉ်လေ့ကျင့်ခန်း သို့မဟုတ် လေ့ကျင့်ခန်း (၁၄) ခု ပါဝင်သည်။ ၎င်းလေ့ကျင့်ခန်းများသည် သိမြင်တတ်သည့် လိုအပ်ချက်သာမက ယဉ်ကျေးမှုဆိုင်ရာဗဟုသုတများကိုလည်း မြင့်မားစေသည်။[၄၉] အခြေခံ ဘာသာစကားဆိုင်ရာ အတတ်ပညာသင်ရိုး၏ အစိတ်အပိုင်းအဖြစ် အဦးဆုံး လေ့ကျင့်ခန်းများကို ကလေးသူငယ်များက လေ့ကျင့်ကြသည်။ ကျောင်းသားကြီးများက စကားလင်္ကာတန်ဆာဆင်မှုသင်တန်း၏ စာစဉ်လေ့ကျင့်ခန်းနောက်ပိုင်းများကို ထိတွေ့ လေ့ကျင့်ရသည်။[၅၀]

အထက်တွင် ဖော်ပြပြီးဖြစ်သည့် စာစဉ်လေ့ကျင့်ခန်း သို့မဟုတ် လေ့ကျင့်ခန်းများကို ရှုပ်ထွေးနက်နဲမှုအပေါ် မူတည်၍ အဆင့်များကို အနိမ့်ဆုံးမှ အမြင့်ဆုံး အစဉ်လိုက် သတ်မှတ်ထားသည်။ ၎င်းတို့မှာ ဒဏ္ဍာရီပုံပြင် (fable)[၅၁] ၊ ဇာတ်ကြောင်းပြန်ပြောပြခြင်း (narrative)[၅၂] ၊ ဖြစ်ရပ်တို (anecdote)[၅၃] ၊ ဆိုရိုးစကားပုံ (proverb)[၅၄] ၊ ချေပချက် (refutation)[၅၅] ၊ မှန်ကန်ခိုင်မာကြောင်း အတည်ပြုချက် (confirmation)[၅၆] ၊ သိသာထင်ရှားသည့် သဘောထားမှတ်ချက် (commonplace)[၅၇] ၊ ချီးမွမ်းဂုဏ်ပြုလွှာ (encomium)[၅၈] ၊ ဝေဖန်ပြစ်တင်ချက် (invective)[၅၉] ၊

---

[၄၈] Richard.

[၄၉] Richard.

[၅၀] Richard.

[၅၁] ဤနေရာတွင် ဒဏ္ဍာရီပုံပြင် (fable) ဆိုသည်မှာ ကိုယ်ကျင့်တရားသင်ခန်းစာ သင်ကြားခြင်း သို့မဟုတ် ရိုးရာပုံပြင်ကို ပြန်ပြောင်းပြောပြခြင်းကို ဆိုလိုသည့် စိတ်ကူးယဉ်ဇာတ်ကြောင်းဟု အဓိပ္ပာယ်ရပါသည်။ Corbett & Connors.

[၅၂] ဇာတ်ကြောင်းပြန်ပြောပြခြင်း (narrative) ဆိုသည်မှာ ဖြစ်ရပ်များကို အစဉ်လိုက် တွဲထားခြင်းဖြစ်ပြီး အထူးသဖြင့် နှစ်ကာလအလိုက် စီစဉ်ထားပါသည်။ ဇာတ်ကြောင်းပြန်ပြောပြခြင်းသည် စိတ်ကူးယဉ် သို့မဟုတ် သုတစာပေ ဖြစ်နိုင်သည် (Corbett & Connors)။ ဇာတ်ကြောင်းပြန်ပြောပြခြင်းကို ဖြစ်ပျက်ခဲ့သည့် သို့မဟုတ် ဖြစ်ပျက်သည်ဟု ယူဆသည့် ဖြစ်ရပ်များကို ရှင်းလင်းဖော်ပြခြင်းဟု အဓိပ္ပာယ်သတ်မှတ်ထားသည်။ (FJ D’angelo, *Composition in the Classical Tradition*, Allyn & Bacon, USA, 2000, pp.22-37).

[၅၃] ဖြစ်ရပ်တို (anecdote) သည် ထင်ရှားကျော်ကြားသည့် အဖြစ်အပျက် သို့မဟုတ် ဆောင်ရွက်ချက်တစ်ခုအား ချဲ့ကားခြင်းအပေါ် အခြေခံထားသည်။ Corbett & Connors.

[၅၄] ဆိုရိုးစကားပုံ (proverb) သည် ရှည်လျားသည့် အတွေ့အကြုံအပေါ်အခြေပြုထားသည့် ဝါကျတိုဖြစ်သည်။ ဥပမာ “မမြင်တာကြာလေ မေ့သွားလေ” ၊ “အပ်နှင့်ထွင်းရမှာကို ပုဆိန်နှင့် ထွင်းရ”၊ “လက်ထဲရှိနှင့်ပြီးသားအရာသည် မရရှိသေးသည့် အရာများထက် ပိုတန်ဖိုးရှိ” စသည်တို့ ဖြစ်သည်။ maxim ဝ adage အချို့ကို ကန့်ကွက်ခြင်း သို့မဟုတ် ငြင်းခုံဆွေးနွေးခြင်းဖြင့် ကျောင်းသားများက ဆိုရိုးစကားပုံကို ချဲ့ထွင်ရှင်းပြကြသည်။ Corbett & Connors.

[၅၅] ချေပချက် (refutation) သည် အကျိုးအကြောင်းသင့် ငြင်းခုံဆွေးနွေးမှု၏ အစိတ်အပိုင်းဖြစ်သည်။ ဟောပြောသူ သို့မဟုတ် ရေးသားသူသည် အမြင်သဘောထားများကို ဆန့်ကျင်လျက် တန်ပြန် ပြောဆိုရေးသားသည်။ Corbett & Connors.

[၅၆] ဂန္ထဝင်စကားလင်္ကာတန်ဆာဆင်ခြင်းတွင် မှန်ကန်ခိုင်မာကြောင်း အတည်ပြုချက် (confirmation) ဆိုသည်မှာ မိန့်ခွန်း သို့မဟုတ် စာသားတစ်ခု၏ အဓိက အစိတ်အပိုင်းဖြစ်သည်။ ၎င်းအစိတ်အပိုင်းတွင် အဆိုကို ထောက်ခံသောအားဖြင့် ကျိုးကြောင်းသင့် ခုခံချေပဆွေးနွေးမှုကို အသေးစိတ် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းသည်။ အမှန်တကယ်အနေဖြင့် မှန်ကန်ခိုင်မာကြောင်း အတည်ပြုချက်သည် ဇာတ်ကြောင်းပြန်ပြောပြခြင်း၏ ယုံကြည်လောက်သောအချက်ကို သက်သေပြခြင်းပင် ဖြစ်သည်။ Corbett & Connors.

[၅၇] သိသာထင်ရှားသည့် သဘောထားမှတ်ချက် (commonplace) ဆိုသည်မှာ အသိုက်အဝန်းတစ်ခု သို့မဟုတ် ပရိတ်သတ် အဖွဲ့ဝင်များက အများအပြား ဝေမျှကြသည့် ထုတ်ပြန်ချက် သို့မဟုတ် ဗဟုသုတ ဖြစ်သည်။ Corbett & Connors.

[၅၈] ချီးမွမ်းဂုဏ်ပြုလွှာ (encomium) ဆိုသည်မှာ ချီးကျူးဂုဏ်ပြုခြင်းကို တရားဝင် ဖော်ပြချက် ဖြစ်သည်။ လူတစ်ဦး၊ အယူအဆတစ်ခု၊ အရာဝတ္ထုတစ်ခု သို့မဟုတ် ဖြစ်ရပ်တစ်ခုကို ဂုဏ်ပြုသည့် ကဗျာလင်္ကာ သို့မဟုတ် ချီးကျူးထောပနာပြု စကားပြေ သို့မဟုတ် ချီးကျူးဂုဏ်ပြုလွှာ ဖြစ်သည်။ Corbett & Connors.

[၅၉] ဝေဖန်ပြစ်တင်ချက် (invective) ဆိုသည်မှာ တစ်ဦးတစ်ယောက် သို့မဟုတ် တစ်စုံတစ်ခုကို အပြစ်တင်သည့် ယုတ်ရင်းကြမ်းတမ်းသည့် ဘာသာစကား သို့မဟုတ် အကျယ်တဝင့်ဟောပြောချက် ဖြစ်သည်။ Corbett & Connors.

နှိုင်းယှဉ်လေ့လာချက် (comparison)[၆၀] ၊ ထင်ရှားသည့်အချက်အလက်များ လေ့လာဖော်ပြချက် (characterization)[၆၁] ၊ သရုပ်ဖော်ရေးသားချက် (description)[၆၂] ၊ သုတေသနစာတမ်း (thesis)[၆၃] နှင့် ခုခံကာကွယ်/ တိုက်ခိုက်သည့် ဥပဒေ (အမြင်သဘောထားများကို အလေးအနက်ထား စဉ်းစားဆွေးနွေးချက်- deliberation)[၆၄] တို့ ဖြစ်သည်။ ဥပမာအနေဖြင့် ကျောင်းသားများသည် ဥပဒေတစ်ခု၏ ကောင်းမွန်မှုကို ဆန့်ကျင်ဆွေးနွေးရာတွင် လည်းကောင်း[၆၅] သို့မဟုတ် ဥပဒေတစ်ခုကို ချမှတ်ပြဋ္ဌာန်းရန်အများပြည်သူသို့ တည်ဆောက်အဆိုပြုရာတွင် လည်းကောင်း စဉ်းစားဆွေးနွေးချက် (ဥပဒေပြုခြင်း) နှင့် သက်ဆိုင်သည့် စကားလင်္ကာတန်ဆာဆင် အခြေအတင် ဆွေးနွေးခြင်း အလေ့အကျင့်ကို ရှာဖွေလေ့လာပါသည်။

စကားလင်္ကာတန်ဆာဆင်မှုအတတ်ကို သေသေချာချာ အစီအစဉ်ချမှတ် ရပါမည်။ ၎င်းတို့ကို စကားပြေပြန်ဆိုခြင်းဖြင့် စတင်ပြီး စကားလင်္ကာတန်ဆာဆင် လေ့ကျင့်ခန်းများဖြစ်သည့် စဉ်းစားဆင်ခြင်ခြင်းနှင့် အကျိုးအကြောင်းသင့် ဆွေးနွေးငြင်းခုံခြင်းတို့ဖြင့် အဆုံးသတ်ပါသည်။ ၎င်းတို့ကို စဉ်းစားခြင့်ချိန်ခြင်းနှင့် အခြေအတင် ဆွေးနွေးခြင်းဟုလည်း သိကြသည်။ အစဉ်လိုက်ဖြစ်သည့် လေ့ကျင့်ခန်းတစ်ခုစီသည် ရှေ့လေ့ကျင့်ခန်းတွင် လေ့ကျင့်ပြီး ရရှိခဲ့သည့် ကျွမ်းကျင်မှုတစ်ခုကို အသုံးပြုသည်။ သို့သော် လေ့ကျင့်ခန်းတစ်ခုစီတွင် ပိုမိုခက်ခဲသော အလုပ်အသစ်အချို့ကို ပေါင်းစပ် ထည့်သွင်းထားသည်။[၆၆] အမှန်တကယ်ဆိုရသော် စကားလင်္ကာတန်ဆာဆင်၍ အခြေအတင်ဆွေးနွေးခြင်း သည် သုတေသနစာတမ်းရေးသားခြင်းနှင့် ကိုက်ညီသည်။ ဤနေရာတွင် ပဏာမ လေ့ကျင့်ခန်းများ သို့မဟုတ် စာစဉ် လေ့ကျင့်ခန်းများသည် ကျောင်းသားများ၏ စာရေးသား ကျွမ်းကျင်မှုကို တည်ဆောက်ရန် တီထွင်ဖန်တီးသည်။ သေသေချာချာ အဆင့်သတ်မှတ်ထားသည့် ဖွဲ့စည်းမှုနှင့် လေ့ကျင့်မှုများကို ထိတွေ့စေခြင်းဖြင့်[၆၇] လေ့ကျင့်ခန်း တစ်ခုချင်းစီသည် သုတေသနစာတမ်းရေးသားခြင်းအတွက် အခြေခံသဘောတရားများနှင့် ကျွမ်းကျင်မှုအချို့ကို ဖန်တီးပေးသည်။

စကားလင်္ကာတန်ဆာဆင် အခြေအတင်ပြောဆိုမှုကို ဆောင်ရွက်ခြင်းဖြင့် ကျောင်းသားများ သင်ယူခဲ့သည့် အရေးအကြီးဆုံးအရာမှာ လူထုရှေ့မှောက် ကျွမ်းကျင်လိမ္မာစွာ မိန့်ခွန်းပြောခြင်း သို့မဟုတ် မေးမြန်းပြောဆိုနိုင်သည့် အခြားသော အလေ့အကျင့်များနှင့် ကျွမ်းကျင်မှုများပင် ဖြစ်သည်။[၆၈] ဥပမာအားဖြင့် စကားလင်္ကာတန်ဆာဆင်မှုဖြင့် အမှုကိစ္စရပ်တစ်ခုအား တစ်ဖက် သို့မဟုတ် အခြားတစ်ဖက်မှ ဆွေးနွေးနိုင်ရန် ကျောင်းသားတစ်ဦးအား ဖွင့်ဟ ပြသခဲ့သည်။[၆၉] နှိုင်းယှဉ်လေ့လာမှု၏ အကျိုးနှင့် အားနည်းချက်များကို ရှာဖွေလေ့လာနိုင်ရန်အတွက်လည်း စကားလင်္ကာတန်ဆာဆင်မှုသည် ကျောင်းသားတစ်ဦးအား နှိုင်းယှဉ်လေ့လာခြင်းနှင့်ဆက်စပ်သည့် ကိစ္စရပ်များ

[၆၀] နှိုင်းယှဉ်လေ့လာချက် (comparison) ဆိုသည်မှာ စကားအခြေအတင်ပြောကြားသည့် ဗျူဟာ နှင့် ဖွဲ့စည်းမှု နည်းလမ်း ဖြစ်သည်။ ကောင်းကျိုးများနှင့် ချို့ယွင်းအားနည်းချက်များကို နှိုင်းယဉ်လေ့လာရန်အတွက် လူနှစ်ဦး၊ နေရာနှစ်နေရာ၊ အယူအဆနှစ်ရပ်၊ သို့မဟုတ် အရာဝတ္ထုနှစ်ခုတို့အကြား တူညီချက် နှင့်/သို့မဟုတ် ကွဲပြားခြားနားမှုများကို စာရေးသူက စစ်ဆေးခြင်းဖြစ်သည်။ Corbett & Connors, p. 485.

[၆၁] ဂန္ထဝင် စကားလင်္ကာတန်ဆာဆင်ခြင်းရှိ ထင်ရှားသည့်အချက်အလက်များလေ့လာဖော်ပြချက် (characterization) သို့မဟုတ် လူပုဂ္ဂိုလ်ဖြင့် ခိုင်းနှိုင်းတင်စားမှု ဆိုသည်မှာ လူတစ်ဦးကို အခြားတစ်ဦးအဖြစ် ထားရှိခြင်းပင် ဖြစ်သည်။ ထို့ကြောင့် သူ သို့မဟုတ် သူမ၏ ခံစားချက်များကို ကွက်ကွက်ကွင်းကွင်း နားလည်သဘောပေါက် ဖော်ပြနိုင်သည်။ Corbett & Connors, p. 485.

[၆၂] သရုပ်ဖော်ရေးသားချက် (description) သည် ဘာသာရပ်တစ်ခုအကြောင်းကို အပြင်းအထန်ကွက်ကွက်ကွင်းကွင်း ပေါ်လွင် အောင် သရုပ်ဖော်ခြင်း ဖြစ်သည်။ Corbett & Connors, p. 485.

[၆၃] Corbett & Connors, p. 485.

[၆၄] Corbett & Connors, p. 485.

[၆၅] Corbett & Connors, p. 485.

[၆၆] Richard.

[၆၇] S Nervegna, *Menander in Antiquity: The contexts of reception*, Cambridge University Press, 2013, p. 212.

[၆၈] Richard, *Thesis (composition).*

[၆၉] Nervegna.

စဉ်းစားနိုင်ရန် သင်ကြားပေးခဲ့သည်။ လူနှစ်ဦး၊ နေရာနှစ်နေရာ၊ အယူအဆနှစ်ရပ်၊ သို့မဟုတ် အရာဝတ္ထုနှစ်ခု တို့အကြား တူညီချက်နှင့် ကွဲပြားခြားနားချက်တို့ကို နှိုင်းယှဉ်လေ့လာခြင်း ဖြစ်သည်။[၇၀]

စကားလင်္ကာတန်ဆာဆင် အခြေအတင်ပြောဆိုမှုသည် ယနေ့ခေတ်တွင် လူမှုရေးသိပ္ပံကဲ့သို့သော ခေတ်မီ သုတေသန၏ အလေ့အကျင့် ဖြစ်လာသည်။[၇၁] ထိုရည်ရွယ်ချက်ကို ရရှိရန်အတွက် နမူနာကောက်ယူခြင်းနှင့် တိုင်းတာခြင်းတို့သည် ခေတ်မီသုတေသနတွင် အသုံးပြုလျက်ရှိသည့် နည်းစနစ်တချို့ ဖြစ်ကြသည်။[၇၂] စိတ်ဝင်စား သည့် အုပ်စုတစ်ခုမှ ယူနစ်များ (ဥပမာ လူ သို့မဟုတ် အဖွဲ့အစည်း) ရွေးချယ်သည့် လုပ်ငန်းစဉ်သည် နမူနာ ကောက်ယူခြင်း ဖြစ်သည်။ ထို့ကြောင့် နမူနာကို လေ့လာခြင်းဖြင့် လူတစ်ဦးသည် အဆိုပါနမူနာများကို ရွေးချယ်ယူ ထားသည့် အုပ်စုအတွက် ရလဒ်တစ်ခုကို မျှမျှတတ ခြုံငုံကောက်ချက်ချနိုင်သည်။[၇၃] ဥပဒေသုတေသနတွင် နမူနာသည် ပညာရပ်ဆိုင်ရာဆွေးနွေးချက်၏ အထောက်အထားများ ဖြစ်သည်။ သုတေသနတစ်ခုအား လေ့လာစူးစမ်း ကြိုးပမ်းအားထုတ်မှု၏ အစိတ်အပိုင်းအနေအဖြစ် စုဆောင်းထားသည့် လေ့လာတွေ့ရှိချက်များကို မှတ်တမ်းတင် ပြုစုခြင်းသည် တိုင်းတာခြင်းပင် ဖြစ်သည်။[၇၄] ဥပဒေသုတေသနတွင် တိုင်းတာခြင်းသည် ပညာရပ်ဆိုင်ရာ ဆွေးနွေး ချက်များကို အကဲဖြတ် လေ့လာစိစစ်ခြင်းဖြစ်သည်။

လုပ်ဆောင်လျက်ရှိသည့် သုတေသနပုံစံတစ်ခုအပေါ် မူတည်၍ လူမှုရေးရာသုတေသနတွင် ကျယ်ပြန့်သော တိုင်းတာမှုအမျိုးအစား (၄) ခုရှိသည်။ ပထမတစ်ခုမှာ စစ်တမ်းကောက်ယူခြင်းဆိုင်ရာ သုတေသန (survey research) ဖြစ်ပြီး အင်တာဗျူးနှင့် စစ်တမ်းမေးခွန်းများကို ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့အပေါ် မူတည်ဆောင်ရွက်ပါသည်။ ဒုတိယတစ်ခုမှာ တိုင်းတာမှုစကေးဆိုင်ရာသုတေသန (scaling research) ဖြစ်ပြီး အတိုင်းအတာ စကေးတစ်ခုကို ရေးဆွဲကာ အကောင်အထည်ဖော်သည့် အဓိကနည်းလမ်းများကို စဉ်းစားခြင်း ပါဝင်သည်။ တတိယအချက်မှာ အရည်အသွေးအခြေပြုသုတေသန (qualitative research) ဖြစ်ပြီး သုတေသနရှိ ကိန်းဂဏန်းနှင့် မသက်ဆိုင်သော အတိုင်းအတာဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်းများအား ခြုံငုံသုံးသပ်ခြင်း ပါဝင်သည်။ နောက်ဆုံးအနေဖြင့် သိုသိုသိပ်သိပ် တိုင်းတာခြင်းဆိုင်ရာသုတေသန (unobtrusive measures research) ဖြစ်ပြီး ၎င်းသည် တိုင်းတာသည့်နည်းလမ်းပေါင်းစုံ ပါဝင်သည်။ ၎င်းနည်းလမ်းများသည် သုတေသနအကြောင်းအရာကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်းမပြုပဲ တိုင်းတာသည်။[၇၅] ဥပဒေသုတေသနတွင် နောက်ဆုံးနည်းလမ်း (၂) ခု ဖြစ်သည့် အရည်အသွေးအခြေပြုသုတေသနနှင့် သိုသိုသိပ်သိပ် တိုင်းတာခြင်းဆိုင်ရာသုတေသနတို့သည် သုတေသန စာတမ်းဖွံ့ဖြိုးတိုးတတ်စေရေးအတွက် မရှိမဖြစ် လိုအပ်ပါသည်။

စကားလင်္ကာတန်ဆာဆင် အခြေအတင်ပြောဆိုမှု လေ့ကျင့်ခန်းများသည် စာပေလေ့လာဆန်းစစ်မှုနှင့် ဆက်စပ် ပါသည်။ စကားလင်္ကာတန်ဆာဆင် အခြေအတင်ပြောဆိုမှုနှင့် စာပေလေ့လာဆန်းစစ်မှုတို့အကြား တူညီချက်တစ်ခု မှာ နည်းနှစ်မျိုးလုံးသည် ဇာတ်ကြောင်းပြန်ပြောပြခြင်း (narrative) နည်းလမ်းများကို အသုံးပြုကြသည်။ ဇာတ်ကြောင်းပြန်ပြောပြခြင်းသည် ဖြစ်ပျက်လျှက်ရှိသည့် သို့မဟုတ် ဖြစ်ပျက်မည်ဟု ယူဆသည့် ဖြစ်ရပ်များကို ရှင်းလင်းဖော်ပြခြင်း ဖြစ်သည်။[၇၆] ဇာတ်ကြောင်းပြန်ပြောပြခြင်းသည် နှုတ်ဖြင့်ဖြစ်စေ အရေးအသားဖြင့်ဖြစ်စေ ပြုလုပ်သည့် ဆွေးနွေးချက်များနှစ်ခုစလုံးတွင် ရည်ရွယ်ချက်များစွာကို ဖြည့်ဆည်းပေးသည်။ ဥပမာအားဖြင့် ကဗျာဆရာနှင့် သမိုင်းပညာရှင်တို့အတွက် ဖြည့်ဆည်းပေးသည်။ အတိတ်ကာလတွင် ဖြစ်ပျက်ခဲ့သည်များကို

---

[၇၀] Corbett & Connors, p. 485.

[၇၁] WM Trochim, *Foundations*, Research Methods Knowledge Base, 2006, retrieved 24 March 2015, <http://www.socialresearchmethods.net/kb/intres.php>.

[၇၂] Richard, *What are Progymnasmata? Classical Rhetorical Exercises for Today's Writers.*

[၇၃] Trochim.

[၇၄] Trochim.

[၇၅] Trochim.

[၇၆] D'Angelo.

မှတ်တမ်းတင်၍ လက်ရှိကာလအတွက် ကိုယ်ကျင့်တရားဆိုင်ရာ ပြုမူဆောင်ရွက်ချက် ဥပမာများကို သတ်မှတ်ပေးသည်။ စကားအခြေအတင် ဆွေးနွေးလျက်ရှိနေစဉ် ဇာတ်ကြောင်းပြန်ပြောပြခြင်းသည် ဆွဲဆောင်စည်းရုံးတိုက်တွန်းသည့် ရည်ရွယ်ချက်ကို ထမ်းဆောင်ပေးသည်။[၇၇]

ဇာတ်ကြောင်းပြန်ပြောပြခြင်းသည် အမှုကိစ္စရပ်တစ်ခုအား အကောင်းဆုံးဖြစ်နိုင်ချေရှိရန်အတွက် ဆွေးနွေးငြင်းခုံမှုဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဖော်ပြခြင်း ဖြစ်သည်။ ဆွေးနွေးချက်တစ်ခုကို သက်သေပြသည့် အပိုင်းအတွက် ခြုံငုံကောက်ချက်ချသည့် ဥပမာဖြစ်နိုင်သည်။ ထို့ကြောင့် ယေဘုယျကြေညာချက် သို့မဟုတ် သဘောထားအမြင်များဆိုင်ရာ အမှန်တရား သို့မဟုတ် ဖြစ်နိုင်ချေတို့ကို သရုပ်ဖော်ရန်အတွက် ဟောပြောသူ သို့မဟုတ် သုတေသနပညာရှင်သည် ခြုံငုံကောက်ချက်ချမှုကို ဇာတ်ကြောင်းပြန်ပြောပြသည့် ပုံစံတစ်ခုအဖြစ် ထည့်သွင်းနိုင်သည်။[၇၈]

ဇာတ်ကြောင်းပြန်ပြောခြင်းနည်းလမ်း (၃) မျိုးကို D'Angelo က သတ်မှတ်ဖော်ထုတ်ထားသည်။ ၎င်းတို့မှာ ဒဏ္ဍာရီပုံပြင်ဆိုင်ရာ (mythical)၊ သမိုင်းကြောင်းဆိုင်ရာ (historical) နှင့် ဥပဒေဆိုင်ရာ (legal) ဇာတ်ကြောင်းပြန်ပြောခြင်းတို့ဖြစ်သည်။ ဒဏ္ဍာရီ ပုံပြင်ဆိုင်ရာ (mythical) ဇာတ်ကြောင်းပြန်ပြောခြင်း ဆိုသည်မှာ စာရေးသားခြင်းအတတ်မဖွံ့ဖြိုးမီ လူ့အဖွဲ့အစည်းတွင် စတင်အရင်းခံလာသည့် နတ်ဘုရားများနှင့် သူရဲကောင်းများအကြောင်းပုံပြင်ဖြစ်သည်။[၇၉] ကိုယ်ကျင့်တရားကောင်းမွန်စေမည့်ရလဒ်များကို ဦးတည်စေသည့် မကုန်ခမ်းနိုင်သော ဥပမာများ၏ အရင်းအမြစ်တစ်ခုအဖြစ် ဒဏ္ဍာရီပုံပြင်အား စကားလင်္ကာတန်ဆာဆင်ခြင်းက သတ်မှတ်ထားသည်။ သမိုင်းကြောင်းဆိုင်ရာ (historical) ဇာတ်ကြောင်းပြန်ပြောခြင်းသည် လူ့ဘဝ၏ဖြစ်ရပ်များနှင့် လူမှုဘဝ သို့မဟုတ် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ရပ်များကို နှစ်ကာလ အစဉ်အလိုက် မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ ထို့ကြောင့် ဒဏ္ဍာရီပုံပြင်နှင့် သမိုင်းများသည် ဇာတ်ကြောင်းပြန်ပြောပြခြင်း ဖြစ်သည်။ စိတ်ကူးယဉ် ဇာတ်ကြောင်းပြန်ပြောခြင်း ဖြစ်သည့် ဒဏ္ဍာရီပုံပြင်နှင့် မတူသည်မှာ သမိုင်းကြောင်းဆိုင်ရာ ဇာတ်ကြောင်းပြန်ပြောခြင်းသည် ဖြစ်ရပ်မှန်များကို အချိန်ကာလအလိုက် မှတ်တမ်းတင်ထားသည့် အချက်အလက်အခြေပြု ဇာတ်ကြောင်းပြန်ပြောခြင်းဖြစ်သည်။ ဇာတ်ကြောင်းပြန်ပြောခြင်း တတိယအမျိုးအစားဖြစ်သည့် ဥပဒေရေးရာ ဇာတ်ကြောင်းပြန်ပြောခြင်းသည် အမှုကိစ္စရပ်ဆိုင်ရာ အချက်အလက်များ ဖြစ်လာစေသည့် ဆင့်ကဲဖြစ်ရပ်များကို တင်ပြရန်အတွက် အသုံးပြုခြင်း ဖြစ်သည်။[၈၀] ဒဏ္ဍာရီပုံပြင်နှင့် သမိုင်းကြောင်းဆိုင်ရာ ဇာတ်ကြောင်းပြန်ပြောခြင်းကို သုတေသနစာတမ်း၏ အစိတ်အပိုင်း တစ်ရပ်ဖြစ်သည့် စာပေလေ့လာဆန်းစစ်မှုတွင် အသုံးပြုနိုင်ပါသည်။ ထိုသို့ပြုခြင်းမှာ ဆွေးနွေးချက်တစ်ခုကို သက်သေပြသည့်အပိုင်းတွင် ခြုံငုံကောက်ချက်ချသည့် ဥပမာတစ်ခုအဖြစ် အသုံးပြုရန်အတွက်ဖြစ်သည်။ ဆွေးနွေးချက်တစ်ခုရှိ အမှု၏နောက်ဆက်တွဲ အချက်အလက်များအဖြစ် ဥပဒေဆိုင်ရာ ဇာတ်ကြောင်းပြန်ပြောခြင်းကို စာပေလေ့လာဆန်းစစ်မှုတွင် ထည့်သွင်းအသုံးပြုနိုင်သည်။[၈၁]

ရှင်းလင်းဆွေးနွေးသည့် ပုံစံရှိသည့် ဇာတ်ကြောင်းပြန်ပြောခြင်းအတွက် ဥပမာကောင်းတစ်ခုကို "နယ်နှင်ဒဏ်ခံရသည့် ယောက်ျားက အိမ်ထောင်ရေးဖောက်ပြန်နေသည့်မိန်းမအားသတ်မှု" ဟု အမည်ရသည့် ဝတ္ထုတိုတစ်ပုဒ်တွင် တွေ့ရှိနိုင်သည်။[၈၂] ဤနေရာတွင် ကြိုတင်ကြံရွယ်ချက်မရှိသည့် လူသတ်မှုဖြင့် အပြစ်ရှိကြောင်း တွေ့ရှိရသည့် လူတစ်ယောက်အား (၅) နှစ် နယ်နှင်ဒဏ်ပေးခဲ့ပါသည်။ ၎င်းသည် (၅) နှစ် နယ်နှင်ဒဏ် မပြီးဆုံးမီ တစ်ညတွင်

[၇၇] Trochim.

[၇၈] Trochim.

[၇၉] Trochim.

[၈၀] Trochim.

[၈၁] Trochim.

[၈၂] Bailey, pp. 8-13.

သူ့မိန်းမထံ အလည်ပြန်လာသည်။ ကံမကောင်းစွာဖြင့် သူ့မိန်းမသည် အိမ်ထောင်ရေးဖောက်ပြန်နေကြောင်း တွေ့ရှိရပြီး ထိုမိန်းမအား သတ်လိုက်သည်။ နယ်နှင်ဒဏ်ပြီးဆုံးသောအခါ သူသည် လူသတ်မှုဖြင့် တရားစွဲခံရသည်။[၈၃]

အိမ်ထောင်ရေးဖောက်ပြန်သူမိန်းမအား သတ်ခြင်းကို ဥပဒေအရ ခွင့်ပြုထားသည့်အတွက် ထိုသူသည် ၎င်းအပေါ် စွဲချက်တင်ထားမှုကို စောဒကတက် ရင်ဆိုင်သည်။ သို့သော်အိမ်ထောင်ရေးဖောက်ပြန်မှုပြုနေသူများကို ဖောက်ပြန်နေသည့်အချိန်ပက်ပင်းတွေ့ရှိပါက ဥပဒေအရ သတ်ခွင့်ပြုခြင်းသည် နယ်နှင်ဒဏ်ခံရလျက်ရှိသည့် လူသတ်သမားအပေါ် အကျုံးဝင်မှုမရှိသဖြင့် ၎င်းဥပဒေအား အသုံးပြုခွင့်မရှိကြောင်း တရားလိုဘက်မှ ခုခံချေပသည်။ လူသတ်သမားက အဆိုပါ ချေပချက်အား ပြန်လည် တုံ့ပြန်ရာတွင် ၎င်းသည် ဥပဒေကို ဆန့်ကျင်လျက် အိမ်ကိုပြန်ခြင်းဖြစ်သည်ဟု ယူဆသဖြင့် ၎င်းအား အိမ်ထောင်ရေးဖောက်ပြန်သည့်မိန်းမအားသတ်မှုဖြင့် အပြစ်မပေးသင့်ဘဲ တရားမဝင် အိမ်ပြန်ခြင်းဖြင့်သာ အပြစ်ပေးသင့်ကြောင်း ခုခံသည်။

အထက်ပါ ဇာတ်ကြောင်းသည် သမိုင်းကြောင်းဆိုင်ရာ/ ဥပဒေရေးရာ ဇာတ်ကြောင်းပြန်ပြောခြင်း၏ ဥပမာကောင်းတစ်ခု ဖြစ်ကြောင်း ပြသသည်။ ဤဇာတ်ကြောင်းတွင် လူသတ်သမားကို တရားခွင်တွင် စစ်ဆေးမှုကို ဖြစ်ပေါ်စေသည့် ဆင့်ကဲဖြစ်ရပ်များ၏ ဇာတ်ကြောင်းပြန်ပြောချက် အဆင့်ဆင့်ကို ပြသပြီး လူသတ်သမားနှင့် အစိုးရရှေ့နေတို့ ခုခံချေပချက်များကို အသီးသီး မည်သို့ပုံဖော်ပုံကိုလည်း ပြသသည်။ တရားခံနှင့် တရားလိုနှစ်ဖက်စလုံးသည် ၎င်းတို့၏ ခုခံချေပချက်များကို အထောက်အကူဖြစ်စေရန် အသီးသီး ဆွဲဆောင်စည်းရုံး ကြိုးစားကြသည်။

ထို့ကြောင့် သုတေသနစာတမ်းရေးသားခြင်းသည် ပညာရပ်စာပေရေးသားခြင်းနှင့် ဆက်စပ်မှုရှိသည်။ စာတမ်းတို သို့မဟုတ် အစီရင်ခံစာတစ်ခုကို ရေးသားခြင်းဖြင့် ဘွဲ့တစ်ခု သို့မဟုတ် ဘွဲ့နှင့်တူညီသည့်ပညာရေး အဆင့်အတန်းတစ်ခုရရှိရန်အတွက် လိုအပ်ချက်ဖြည့်ဆည်းနိုင်ရန် သုတေသနစာတမ်းရေးသားခြင်းက ကျောင်းသား တစ်ဦးအတွက် ပေါ်ပေါက်လာခြင်း ဖြစ်သည်။ အခြားအရာများအနက် စာတမ်း ပုံစံချခြင်း၊ အကြောင်းအရာနှင့် စာလုံးရေ ကန့်သတ်ချက်များစသည့် တက္ကသိုလ်အဖွဲ့အစည်းက ဆုံးဖြတ်ထားသည့် လမ်းညွှန်ချက်များနှင့် သုတေသနစာတမ်းက ကိုက်ညီမှု ရှိစေရမည်။[၈၄] စာပေလေ့လာဆန်းစစ်မှုများသည် ပညာရေးဆိုင်ရာ လက်တွေ့လေ့ကျင့်ခန်း၏ အစိတ်အပိုင်းဖြစ်ကြောင်း Webster နှင့် Watson က ခုခံချေပသည်။ ၎င်းလက်တွေ့လေ့ကျင့်ခန်းများသည် လိုက်နာရမည့် အချက်များကို တိတိကျကျ သတ်မှတ်လေ့ရှိပြီး အဆိုပါ သတ်မှတ်ချက်ကို လိုက်နာရန် အရေးကြီးသည်။[၈၅] ဥပမာ အီလီနွိုက်အနောက်ပိုင်း တက္ကသိုလ်၏ သုတေသနစာတမ်းဆိုင်ရာ လမ်းညွှန်ချက်များအရ သုတေသနစာတမ်း ပုံစံချခြင်းတွင် အပိုင်း (၃) ပိုင်းပါဝင်သင့်ကြောင်း အသေးစိတ် ရှင်းလင်းဖော်ပြထားသည်။ ၎င်းတို့မှာ စာတမ်းမိတ်ဆက်အပိုင်း၊ စာသားနှင့် ရည်ညွှန်းချက်အပိုင်းများ ဖြစ်သည်။ သုတေသန၏ ကွဲပြားသည့် အစိတ်အပိုင်း (၃) ရပ်အနက် အပိုင်းတစ်ခုစီအတွက် ဆောင်ရွက်ရမည့် အကြောင်းအရာများကို အသေးစိတ် ရှင်းလင်းထားသည်။ အခြားသော ကိစ္စရပ်များအနက် ရည်ညွှန်းကိုးကားချက်များ၊ ကျမ်းကိုးစာရင်း ရေးသွင်းချက်များနှင့်ပတ်သက်၍ လမ်းညွှန်ချက်များက အသေးစိတ် ဖော်ပြရှင်းလင်းပါသည်။[၈၆] အထက်ပါအကြောင်းအရာများအရ သုတေသနစာတမ်းတစ်ခုသည် ပညာရှင်ဆန်ဆန် ကြည့်ရှုရမည်ဖြစ်ပြီး ယခင်သုတေသနပညာရှင်များကို ရည်ညွှန်းကိုးကားထားသည်များနှင့် ပြည့်နှက်နေပါသည်။ ထို့ကြောင့် ဗဟုသုသအသစ်အပေါ် အခြေပြုခြင်းနှင့် ရည်ညွှန်းကိုးကားသည့် စာပေ၏ ဗဟုသုတကို ထင်ဟပ်ခြင်းတို့ဖြင့် လက်ရှိပညာရပ်စာပေရှိ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ပြီး သင့်လျော်သည့် ရည်ညွှန်းကိုးကားချက်များကိုလည်း ကိုးကားနိုင်စွမ်းကိုလည်း ပြသပါသည်။[၈၇]

---

[၈၃] Bailey, pp. 8-13.

[၈၄] Patricia, Ryan & Coughlan.

[၈၅] Webster & Watson.

[၈၆] Western Illinois, *University guidelines for the structure and format of a thesis or applied project*, Department of Geography, 2012, retrieved 29 March 2015, <http://www.wiu.edu/cas/geography/thesis/thesis_guidelines.pdf>.

[၈၇] Noor, pp. 9-10.

သုတေသနစာပေလေ့လာဆန်းစစ်ခြင်းသည် ယခင်ပညာရပ်စာပေများကို သတ်မှတ်ဖော်ထုတ်ပြီး သုတေသန အစိတ်အပိုင်းတစ်ခုကို ဆောင်ရွက်ရန် သုတေသနပညာရှင်၏ ဆုံးဖြတ်ချက်အပေါ် လွှမ်းမိုးမှု ရှိပါသည်။ ထို့ကြောင့် သုတေသနသည် စေ့စပ်သေချာစွာ ဆောင်ရွက်ရမည့် စုံစမ်းခြင်း သို့မဟုတ် စစ်ဆေးခြင်း ဖြစ်သည်။ အချက်အလက်များကို ရှာဖွေ၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း သို့မဟုတ် လက်ခံပြီးဖြစ်သည့် သီအိုရီများ/ ဥပဒေများကို ပြန်လည်သုံးသပ်ခြင်းတို့အတွက် ရည်ရွယ်၍ သုတေသနကို ဆောင်ရွက်ပါသည်။ ထိုအခါ အသစ် သို့မဟုတ် ပြန်လည် ပြင်ဆင်ထားသည့် သီအိုရီများ/ ဥပဒေများကို လက်တွေ့ကျကျ အသုံးပြုနိုင်ခြင်း သို့မဟုတ် အချက်အလက် အသစ်များမှ ဗဟုသုတကို ဖော်ထုတ်ခြင်းဖြင့် သုတေသနကို ပြုလုပ်နိုင်သည်။[၈၈] သုတေသနသည် သီးသန့်မေးခွန်း တစ်ခု သို့မဟုတ် မေးခွန်းများကို ဖြေဆိုရန်အတွက် အချက်အလက်များကို စုဆောင်းသည့် လုပ်ငန်းစဉ် ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းကို ထောက်ပံ့ပေးနိုင်ပြီး ပြဿနာဖြေရှင်းရာတွင်လည်း အကူအညီ ပေးပါသည်။[၈၉] သီးသန့်ပြဿနာတစ်ခုအတွက် အကျိုးသင့်အကြောင်းသင့် ရည်ရွယ်ချက်ရှိရှိ နည်းစနစ်တကျ စီစဉ် ထားသော သိပ္ပံနည်းကျ စုံစမ်းမှု သို့မဟုတ် စုံစမ်းစစ်ဆေးမှုအဖြစ် သတ်မှတ်သည်။ အဖြေများကို ရှာဖွေရန် သို့မဟုတ် ဖြေရှင်းရန် ရည်ရွယ်ချက်ဖြင့် သုတေသနကို ဆောင်ရွက်ခြင်း ဖြစ်သည်။[၉၀]

"သုတေသန" ဟူသည့် စကားလုံးသည် ယေဘုယျအသုံးအနှုန်းဖြစ်ပြီး ကွဲပြားသော ပညာရပ်ဆိုင်ရာအုပ်စုများက ၎င်းတို့၏ စိတ်ပါဝင်စားမှုအပေါ် မူတည်၍ နည်းလမ်းပေါင်းစုံအသုံးပြုကြသည်။ အဆိုပါ များပြားလှသည့် အုပ်စုများအနက် အုပ်စုတစ်ခုစီသည် ၎င်းတို့နှင့် သက်ဆိုင်သည့် အတွေးအခေါ်နှင့် နိုင်ငံရေး အမြင်ရှုထောင့်များအရ ထင်ဟပ်၍ "သုတေသန" အသုံးအနှုန်းကို အသုံးပြုကြသည်။[၉၁] ယေဘုယျအားဖြင့် စာပေလေ့လာမှုနယ်ပယ်၌ "သုတေသန" ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အမြင်နှစ်မျိုးရှိပါသည်။ ပညာရပ်အမျိုးမျိုး ကွဲပြားခြားနားခြင်းကို ထည့်သွင်း စဉ်းစား၍ မတူညီသော နောက်ခံဝန်းကျင်များရှိ သုတေသနဆောင်ရွက်ချက်များ၏ ကျယ်ပြန့်စုံလင်သော အတိုင်းအတာကို မီးမောင်းထိုးပြမည့် ကျယ်ပြန့်သောအမြင်သဘောထား ရှိပါသည်။ ထို့အတူ အရေးအတွက်အခြေပြု နည်းစနစ်များအပေါ် အထူးပြုလေ့ရှိပြီး ဗဟုသုတအသစ်များကို ရှာဖွေဖော်ထုတ်ခြင်းမျှသာ ပါဝင်သည့် ကျဉ်းမြောင်း သော အမြင်သဘောထားလည်း ရှိပါသည်။[၉၂]

ကျယ်ပြန့်သော အမြင်သဘောထားကို ချမှတ်နိုင်ရန်အတွက် လိုအပ်သည့် အထောက်အပံ့သည် အရေအတွက် အခြေပြုနှင့် အရည်အသွေးအခြေပြု သုတေသန လေ့လာမှုနှစ်ခုစလုံးမှ ထွက်ပေါ်လာသည်။[၉၃] မတူညီသည့် နယ်ပယ်များရှိ ပညာရပ်များတွင် "သုတေသန" အသုံးအနှုန်းအပေါ် သဘောပေါက်နားလည်မှု ကွဲပြားကြောင်း အဆိုပါ လေ့လာမှုများက သရုပ်ဖော်ပါသည်။ ထို့အပြင် သုတေသနကို မည်သို့ ဆောင်ရွက်သင့်သလဲ၊ သို့မဟုတ် သုတေသနသည် သင်ကြားရေးကဲ့သို့ အခြားပညာရပ်နယ်ပယ်များနှင့် မည်သိုဆက်စပ်သလဲတို့ကိုပါ သရုပ်ဖော် တင်ပြသည်။ "သုတေသန" ကိုနားလည်သဘောပေါက်ရန် အကောင်းဆုံးနည်းလမ်းမှာ ၎င်းအသုံးအနှုန်းကို မည်သည့် အကြောင်းအရာအတွင်း အသုံးပြုသည်ကို ကြည့်ရှုခြင်းဖြင့် ရရှိနိုင်ကြောင်း အဆိုပါလေ့လာမှုများက အကြံပြု ထားသည်။[၉၄]

[၈၈] SC Lynn & R Ronald, *Basic research methods for Librarians*', 5th edn, Greenwood Publishing Group, USA, 2010, p 1.

[၈၉] O'leary, pp. 3-4.

[၉၀] O'leary, pp. 1-3.

[၉၁] R Neumann, 'Research and scholarship: perceptions of Senior Academic Administrators', Higher Education, vol. 25, no. 2, March 1993, pp. 97-110.

[၉၂] Neumann.

[၉၃] Neumann.

[၉၄] Neumann.

ပညာရပ်တစ်ခုချင်းစီတွင် စံနမူနာပြုထိုက်သည့် ကိုယ်ပိုင် ဗဟုသုတပုံစံများရှိသည်။ ၎င်းကိုယ်ပိုင် ဗဟုသုတသည် သုတေသနပြဿနာကို ချဉ်းကပ်ရာတွင် သင့်လျော်သည့် နည်းလမ်းကို သတ်မှတ်ပေးသည်။ ထို့ကြောင့် အချို့ပညာရပ်များတွင် သုတေသနသည် စီမံကိန်းများတွင် ဆောင်ရွက်ခဲ့မှုများ ဖြစ်သည်။ သိပ္ပံပညာရပ်တွင်မူ လက်တွေ့ကွင်းဆင်း အချက်အလက်ကောက်ယူခြင်း သို့မဟုတ် ဓါတ်ခွဲခန်းတွင် စမ်းသပ်ခြင်းတို့ ပါဝင်သည်။ ဥပဒေကဲ့သို့ အခြားပညာရပ်များတွင် သုတေသနသည် စာကြည့်တိုက်ရှိ စာအုပ်စာတမ်းများကို လေ့လာခြင်း ဖြစ်သည်။[၉၅]

"သုတေသန" အရိပ်အောက်ရှိမတူညီသော နယ်ပယ်များတွင် အကောင်အထည်ဖော်လျက်ရှိသည့် လုပ်ငန်းမျိုးစုံ ရှိသည်။ ၎င်းတို့မှာ ပညာရပ်နယ်ပယ်၊ သီအိုရီတည်ဆောက်ခြင်း၊ စူးစမ်းလေ့လာခြင်းနှင့် မှတ်တမ်းတင်ခြင်း တို့ဖြစ်သည်။ အခြား သုတေသနလုပ်ဆောင်ချက်များတွင် လက်တွေ့စမ်းသပ်ခြင်း၊ သီအိုရီစမ်းသပ်ခြင်း၊ ဒီဇိုင်းဆွဲခြင်း၊ ဖွံ့ဖြိုးခြင်း၊ ဝေဖန်ဆန်းစစ်ခြင်းနှင့် ရှင်းလင်းဖော်ပြခြင်း၊ အနုပညာဖန်တီးခြင်း၊ တိုင်ပင်နှီးနှောခြင်းနှင့် အကြံဉာဏ်ပေးခြင်းတို့ ပါဝင်သည်။ ထို့ကြောင့် အဆိုပါလုပ်ဆောင်ချက်များကို "သုတေသန" အဖြစ် အုပ်စုအလိုက် ခွဲခြားထားသည်။ သို့ရာတွင် ဗဟုသုတအသစ်ကို ရှာဖွေတွေ့ရှိခြင်း သို့မဟုတ် မူလအတတ်ပညာကို တီထွင်ဖန်တီးခြင်းလည်း ပါဝင်သည်။ ထို့အပြင် စာတမ်းများကို ပုံနှိပ်ထုတ်ဝေခြင်းမှတဆင့် ဖြန့်ဝေခြင်းလည်း ပါဝင်ပြီး ထိုသို့ ဖြန့်ဝေခြင်းဖြင့် ဗဟုသုတ သို့မဟုတ် အတတ်ပညာများကို သိသိသာသာ မြင့်မားလာစေသည်။[၉၆]

သီအိုရီ စာပေလေ့လာဆန်းစစ်မှုသည် သီးသန့်သုတေသနတစ်ခုကို အားကောင်းခိုင်မာစေရန် အထောက်အကူဖြစ်မည့် သီအိုရီများကို သတ်မှတ်ဖော်ထုတ်သည်။ သုတေသနတစ်ခုကို စူးစမ်းလေ့လာရာတွင် ချဉ်းကပ်မှုကို ချမှတ်နိုင်ရန် သီအိုရီများက သတ်မှတ်သည်။ ရိုးရိုးစင်းစင်းတွေးပါက သုတေသနနည်းလမ်းဆိုင်ရာ သီအိုရီဆိုသည်မှာ မေးခွန်းထုတ်ဖွယ်အနေအထားတစ်ခုအား အဓိပ္ပာယ်ရှိအောင် ပြုလုပ်မည့်နည်းလမ်းကို ရည်ညွှန်းခြင်းပင် ဖြစ်သည်။[၉၇] သီအိုရီများသည် ပြဿနာများကို အစမ်း ဖြေရှင်းသည့်နည်းပင် ဖြစ်သည်။ သီအိုရီတစ်ခုသည် တစ်စုံတစ်ခုအား မည်သို့ တွေ့မြင်သည် သို့မဟုတ် ဘာ့ကြောင့် တွေ့မြင်သည်ကို ရှင်းပြခြင်းဖြင့် ဖြစ်စဉ်တစ်ခုအား ယေဘုယျပြုခြင်း ဖြစ်သည်။[၉၈] အမှန်တော့ သီအိုရီသည် မည်သည့်အရာကို တိုင်းတာသည် သို့မဟုတ် ခွဲခြမ်းစိတ်ဖြာသည်ကို ရှင်းလင်း ပြသသည့် ဖော်ပြချက်ပင် ဖြစ်သည်။ အကြောင်းတရား သို့မဟုတ် အကျိုးတရားကို ဖော်ပြသည့် မည်သည့်ဖော်ပြချက် မဆို သီအိုရီကို သွယ်ဝိုက်၍ အခြေခံပါသည်။[၉၉]

လက်တွေ့ကမ္ဘာရှိ လေ့လာပြီးယူနစ်များ သို့မဟုတ် ခန့်မှန်းတွက်ချက်ထားသည့်ယူနစ်များအကြား ဆက်စပ်မှုများကို ဖော်ပြထားချက်သည် သီအိုရီ ဖြစ်သည်။[၁၀၀] သီအိုရီကို အစိတ်အပိုင်း (၄) ပိုင်းဖြင့် ဖွဲ့စည်းထားသည်ဟု ပညာရှင်များက ပြောကြားသည်။ ၎င်းတို့မှာ အသုံးအနှုန်းများ၏ အဓိပ္ပာယ်ဖွင့်ဆိုခြင်း သို့မဟုတ် ကိန်းရှင်များ၊ သီအိုရီကို အသုံးချသည့် နယ်ပယ်တစ်ခု၊ ကိန်းရှင်များနှင့် တိကျသော ခန့်မှန်းချက်များအကြား ဆက်စပ်မှုအတွဲများပင် ဖြစ်သည်။ ဖြစ်ရပ်မှန် အဆိုနှင့် ခန့်မှန်းအဆိုများက ဖြစ်ရပ်တစ်ခုသည် သီးခြား ဖြစ်ပေါ်နိုင်မည်လား၊ ဖြစ်ပေါ်သင့်သည်လား သို့မဟုတ် ဖြစ်ကောင်းဖြစ်နိုင်သည်လားကို တိကျ ရှင်းလင်းစွာ သတ်မှတ်သည်။ ထို့ကြောင့် သီအိုရီ၏ အခြေခံလုပ်ဆောင်ချက်မှာ

---

၉၅ Neumann.

၉၆ Neumann.

၉၇ Honors: Communication Capstone, *Communication resources*, 2000, retrieved 19 March 2015, <http://www.uky.edu/~drlane/capstone/trmdef.htm>.

၉၈ Honors: Communication Capstone Communication resources.

၉၉ Honors: Communication Capstone Communication resources.

၁၀၀ JG Wacker, 'A definition of theory: research guidelines for different Theory-Building Research Methods in Operations Management', *Journal of Operations Management*, no. 16, 1998, pp. 361–385.

အကြောင်းအရာအမျိုးမျိုးရှိ လူ့သဘာဝဖြစ်စဉ်ကို ခွဲခြမ်းစိတ်ဖြာခြင်း၊ ရှင်းလင်းတင်ပြခြင်း၊ ခန့်မှန်းတွက်ချက်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းပင် ဖြစ်သည်။[၁၀၁]

ဗဟုသုတ စာပေလေ့လာဆန်းစစ်မှုသည် သုတေသနပညာရှင်တစ်ဦးအား ၎င်းလေ့လာနေသည့် နယ်ပယ်တွင်းရှိ အခြားသော သုတေသနပညာရှင်များနှင့်အတူ စာရေးသားဆွေးနွေးမှုစကားဝိုင်းတွင် ပါဝင်ရန် အခွင့်အလမ်းကို ရရှိစေပါသည်။ ထိုသို့ဆွေးနွေးရာတွင် သုတေသနပညာရှင်သည် ၎င်းဆောင်ရွက်မည့် သုတေသန ဖြစ်လာစေသည့် သင့်တော်ရာ ဗဟုသုတကို အမှန်တကယ် နားလည်သဘောပေါက်၍ တုံ့ပြန်ဆောင်ရွက်ကာ ချိတ်ဆက်ကြောင်း ပြသရမည် ဖြစ်သည်။ ဤနေရာတွင် မီးမောင်းထိုးပြမည့် စကားသည် ဗဟုသုတဖြစ်သည်။

ဥပဒေအသုံးအနှုန်းအရ ဗဟုသုတကို အခြေအနေတစ်ရပ် သို့မဟုတ် အချက်အလက်တစ်ခုကို ကောင်းစွာသိမြင်ခြင်း သို့မဟုတ် နားလည်သဘောပေါက်ခြင်း ဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။[၁၀၂] ၎င်းသည် စိတ်အခြေအနေတစ်ရပ် ဖြစ်ပြီး အချက်အလက်တစ်ခုတည်ရှိမှုနှင့် ပတ်သက်၍ လူတစ်ဦးသည် သံသယ ကြီးကြီးမားမား မရှိခြင်းပင် ဖြစ်သည်။[၁၀၃]

လူတစ်ဦးသည် အာရုံငါးပါးအနက် အာရုံတစ်ပါးပါးဖြင့် အချက်အလက်တစ်ခုကို လက်ခံပါက ၎င်းအချက်အလက်၏ တည်ရှိမှုအပေါ် သံသယကြီးကြီးမားမားမရှိကြောင်း ပြောနိုင်သည်။[၁၀၄] ထို့ကြောင့် ပလေတိုး ရေးသားပြုစုထားသည့် “ဗဟုသုတ၏ သဘော” “Theaetetus” စာအုပ်တွင် အချက်အလက်များကို ထည့်သွင်းစဉ်းစား၍ မှန်မှန်ကန်ကန် ဝေဖန်ပိုင်းခြားရာတွင် ဖုံးကွယ်ထားသည့် အမှန်တရားအတွက် ခိုင်လုံသော အကြောင်းပြချက်ပေးခြင်းဟု ဗဟုသုတ ကို ရိုးရှင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။[၁၀၅] အဘယ့်ကြောင့်ဆိုသော် ဖြစ်ရပ်တစ်ခုကို ထည့်သွင်း စဉ်းစားခြင်းမရှိဘဲ မှန်မှန်ကန်ကန်ချမှတ်သည့် ဝေဖန်ပိုင်းခြားမှုသည် ဗဟုသုတအပြင်ဘက်သို့ ကျရောက်စေ သောကြောင့် ဖြစ်သည်။ ထည့်သွင်းစဉ်းစားခြင်းမရှိသည့် အရာဝတ္ထုများကို သိမြင်နားလည်နိုင်ခြင်းမရှိဘဲ ထည့်သွင်းစဉ်းစားခြင်းရှိသည့် အကြောင်းအရာများကိုသာ သိမြင်နိုင်သည်။ လူတစ်ယောက်သည် ဖြစ်စဉ်တစ်ခုကို ထည့်သွင်းစဉ်းစားမှသာ အကြောင်းအရာတစ်ခုအကြောင်း မှန်မှန်ကန်ကန် ဝေဖန်ပိုင်းခြားနိုင်မည်ဖြစ်ပြီး သူ၏စိတ်သည် အဆိုပါ အကြောင်း အရာနှင့် ပတ်သက်၍ မှန်ကန်သည့်အခြေအနေအဖြစ် လက်ခံနေသည်။ သို့သော် သူမသိသည်မှာ အကြောင်းအရာ တစ်ခုကို ထည့်သွင်းမစဉ်းစားသည့် တစ်စုံတစ်ဦးအတွက်မူ ၎င်းအကြောင်းအရာကို မေ့လျော့ထားပေလိမ့်မည်။[၁၀၆] သို့ရာတွင် သူသည် အဆိုပါအကြောင်းအရာကို ထည့်သွင်းစဉ်းစားပါက ၎င်းအကြောင်းအရာနှင့် ပတ်သက်သည့် အရာအားလုံးကို သိမြင်နိုင်ပြီး ဗဟုသုတ ပြည့်စုံပေမည်။ ဗဟုသုတသည် ထင်မြင်ယူဆချက်အပေါ် အခြေခံ ထည့်သွင်းစဉ်းစားခြင်းဖြင့် မှန်မှန်ကန်ကန် ဝေဖန်ပိုင်းခြားနိုင်ခြင်းပင် ဖြစ်ကြောင်း ဤဖြစ်ရပ်က အကြံပြုသည်။[၁၀၇] ဖြည့်စွက် ရှင်းလင်းချက်မရှိဘဲ အချက်အလက်တစ်ခုသည် မည်မျှထိ တည်ရှိနိုင်ကြောင်းကို မသိနိုင်ပေ။

---

[၁၀၁] Honors: Communication Capstone Communication resources.

[၁၀၂] BA Garner, *Black’s Law Dictionary*, 8th edn, West Group, USA, 2007, p. 888.

[၁၀၃] Garner.

[၁၀၄] ဇီဝဗေဒတွင် အာရုံငါးပါးနှင့် ဆိုင်သည့် ခန္ဓာကိုယ်အစိတ်အပိုင်းများမှာ မျက်စိ၊ နှာခေါင်း၊ လျှာ၊ အရေပြားနှင့် နားတို့ ဖြစ်သည်။ အရစ္စတိုတယ် (၃၈၄ ဘီစီမှ ၃၂၂ ဘီစီ) သည် အာရုံငါးပါးအစိတ်အပိုင်းများကို အမြင်၊ အနံ့၊ အရသာ၊ အထိအတွေ့နှင့် အကြားဟူ၍ အစဉ်အလာအရ ခွဲခြားထားကြောင်း အသိအမှတ် ပြုခဲ့ပါသည်။ ၁၇၈၀ ပြည့်လွန်နှစ်များတွင် ဒဿနိကပညာရှင် Immanuel Kant က ပြင်ပကမ္ဘာရှိ ဗဟုသုတသည် ကျွန်ုပ်တို့၏ သိမြင်နားလည်မှုနည်းလမ်းအပေါ် မူတည်ကြောင်း အဆိုပြုခဲ့သည်။ Scientific psychic, *Anatomy and structure of human sense organs*, 2015, retrieved 31 May 2015, <http://www.scientificpsychic.com/workbook/chapter2.htm>.

[၁၀၅] Theaetetus 200-203e.

[၁၀၆] Theaetetus 200-203e.

[၁၀၇] Theaetetus 200-203e.

ပလေတိုး ရေးသားပြုစုထားသည့် "ဗဟုသုတ၏ သဘော" "Theaetetus" စာအုပ်နှင့် တူညီသည့်အချက်မှာ[၁၀၈] ဗဟုသုတကို သိမြင်နားလည်မှုထက်မပိုသောအရာအဖြစ် သတ်မှတ်ထားသည်။[၁၀၉] ဤအဓိပ္ပာယ်ဖွင့်ဆိုချက်သည် Protagoras သုံးစွဲလေ့ရှိသည့် အနက်အဓိပ္ပာယ်နှင့် အတူတကွ နှိုင်းယှဉ်နိုင်သည်။ "အရာအားလုံးကို စဉ်းစားချင့်ချိန်တိုင်းတာခြင်းသည် လူသားဖြစ်ကြောင်းဆိုတာ သိပါသလား။ အရာများကို ရှိသည်ဟု စဉ်းစားချင့်ချိန်ပါက တည်ရှိနေမည်ဖြစ်ပြီး၊ အရာဝတ္ထုများ ရှိမနေဟု စဉ်းစားချင့်ချိန်ပါက ထိုအရာရှိမည်မဟုတ်ပေ" ဟု ၎င်းက ဆိုထားသည်။ ရိုးရှင်းစွာပြောဆိုရလျှင် သိခြင်းဗဟုသုတသည် တစ်ဦးတစ်ယောက်ချင်းစီ၏ အမြင်သဘောထားအပေါ် မူတည်လျက်ရှိပါသည်။[၁၁၀]

ဆိုကရေးတီးသည် ဗဟုသုတ၏ အဓိပ္ပာယ်ကို သိမြင်နားလည်မှုအဖြစ် ကြိုးစားရှင်းလင်းပါသည်။ ဤသည်ကို ၎င်းက လေတိုက်သည့် ဥပမာဖြင့် နှိုင်းယှဉ်ပြသည်။ လေတိုက်စဉ်တွင် လူတစ်ဦးက အေးသည်ဟု ခံစားရသော်လည်း အခြားတစ်ယောက်ကမူ ပူသည်ဟု ခံစားရသည်။[၁၁၁] သို့မဟုတ် တစ်ယောက်က အနေတော်အေးနေချိန်တွင် အခြားတစ်ယောက်က အရမ်းအေးနေပေလိမ့်မည်။ ထို့ကြောင့် ဆိုကရေးတီးက အကျိုးတရားအကြောင်းကို လေကိုယ်တိုင်က အေးသလား သို့မဟုတ် မအေးဘူးလား၊ မှန်မှန်ကန်ကန် ပြောနိုင်ပါသလား? ဟု မေးခွန်းထုတ်ပါသည်။[၁၁၂] သို့မဟုတ် ကျွန်ုပ်တို့သည် Protagoras အခိုင်အမာဆိုထားသည့် အေးသည်ဟု ခံစားသည့်လူအတွက် လေသည်အေးမြပြီး ပူသည်ဟု ခံစားသူအတွက် လေသည် ပူသည် ဆိုသည်ကို သဘောတူပါသလား?။ ဆိုကရေးတီးက အရာဝတ္ထုများသည် လူတစ်ဦးတစ်ယောက်ချင်းစီက သိမြင်နားလည်သည့်အတိုင်း ဖြစ်တည်ပြီး ၎င်းသိမြင်နားလည်မှုသည် သင့်လျော်မှန်ကန်သည့် ဗဟုသုတ မလွဲမသွေပင် ဖြစ်ပါသည်။ ထို့ကြောင့် သိမြင်နားလည်မှု ထွက်ပေါ်လာတိုင်း လူသားသည် ဗဟုသုတအဖြစ် ထပ်မံပေါင်းထည့်ပါသည်။[၁၁၃] ဤနည်းလမ်းဖြင့် ဗဟုသုတ၏အဓိပ္ပာယ်သည် လူပုဂ္ဂိုလ်၏ ထင်မြင်ယုံကြည်ချက်ပင်ဖြစ်ကြောင်း ဆိုကရေးတီးက ယုံကြည်လက်ခံသည်။ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်သမျှအရာများကို သိမြင်နားလည်နိုင်စွမ်းအပေါ် ဗဟုသုတက မှီတည်နေပါသည်။ ထို့ကြောင့် သိမြင်နားလည်ခြင်းသည် ဗဟုသုတအတွက် အဓိကသော့ချက်ပင်ဖြစ်သည်။

## သုတေသန လစ်ဟာချက်

အထက်ဖော်ပြပါ စာပေလေ့လာဆန်းစစ်မှု သရုပ်ဖော်ချက်ကဲ့သို့ လစ်ဟာချက်ဆိုသည်မှာ လက်ရှိ ပညာရပ်စာပေတွင် ပျောက်ဆုံးနေသည့် အရာကို ရည်ညွှန်းသည်။ ၎င်းပျောက်ဆုံးနေသည့် အချက် သို့မဟုတ် လစ်ဟာချက်သည် ပုံနှိပ်ထုတ်ဝေနိုင်သည့် စာမူတစ်စောင်ကို ရစေပါသည်။[၁၁၄] စာပေလေ့လာဆန်းစစ်မှုရှိ လစ်ဟာချက်က သုတေသနပညာရှင်ကို အဆင့် (၃) ဆင့်တွင် အထောက်အပံ့ပြုသည်။ သုတေသနပြဿနာ/ မေးခွန်းများ ဖော်ထုတ်ခြင်း၊ သင့်လျော်သည့် သီအိုရီများနှင့် သုတေသနလေ့လာမှုများကို ရှာဖွေသတ်မှတ်ခြင်း၊ နောက်ဆုံးအနေဖြင့် အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းတို့ဖြစ်သည်။[၁၁၅]

---

[၁၀၈] 151d7-e3.

[၁၀၉] Theaetetus 150-152e.

[၁၁၀] Theaetetus 150-152e.

[၁၁၁] Theaetetus 150-152e.

[၁၁၂] Theaetetus 150-152e.

[၁၁၃] Theaetetus 150-152e.

[၁၁၄] Writing for Publication in Professional Journals, *Meaning of a research gap*, 2002, retrieved 22 March 2015, <https://msu.edu/course/aec/891/whatisagap.htm>.

[၁၁၅] Ridley, p. 3.

သုတေသနလစ်ဟာချက်သည် အဖြေသို့မဟုတ် ဖြေရှင်းနည်းကို ရှာဖွေသည့် ရည်မှန်းချက်ပန်းတိုင်ဖြင့် လေ့လာ စုံစမ်းရမည့် မေးခွန်း သို့မဟုတ် ပြဿနာရပ်အတွက် ရှင်းလင်း တိကျသော ဖော်ပြချက်တစ်ခုပင် ဖြစ်သည်။[၁၁၆] ထို့ကြောင့် သုတေသနလစ်ဟာချက်တစ်ခုဆိုသည်မှာ စာဖတ်သူ၏အမြင်ဖြင့် သတ်မှတ်ဖော်ထုတ်သော သုတေသနဆောင်ရွက်ရန် အကြောင်းခိုင်လုံသည့်ပြဿနာတစ်ရပ် သို့မဟုတ် နယ်ပယ်တစ်ခုပင် ဖြစ်သည်။[၁၁၇] သုတေသနလစ်ဟာချက်သည် အချက်အလက်မလုံလောက်ခြင်းကြောင့် ဖြစ်ကောင်းဖြစ်နိုင်သကဲ့သို့ လိုရာဆွဲယူထားသည့် သတင်းအချက်အလက်များကြောင့်လည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့မဟုတ် ရှေ့နောက်မညီသည့် ယူဆချက်များ သို့မဟုတ် မှားယွင်းသည့် ယူဆချက်များကြောင့် မှန်ကန်သည့် သတင်းအချက်အလက်များ မရရှိခြင်းကြောင့်လည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။[၁၁၈]

လက်ရှိပညာရပ်စာပေလေ့လာဖတ်ရှုနေစဉ် သုတေသနလစ်ဟာချက်ကို ဖော်ထုတ်သတ်မှတ်နိုင်မည့် နည်းလမ်းများစွာ ရှိပါသည်။ သီးခြားနယ်ပယ်တစ်ခုရှိ ရေးပန်းစားသော စာပေနှင့် လက်ပွန်းတတီးရှိလာသောအခါ လူတစ်ဦးသည် လစ်ဟာချက် သို့မဟုတ် သုတေသနပြုနိုင်မည့် ပြဿနာတစ်ခုကို ရှာဖွေရန် အတော်ပင် လွယ်ကူသည်။[၁၁၉] သုတေသနလစ်ဟာချက်ကို သတ်မှတ်ဖော်ထုတ်နိုင်မည့် အခြားနည်းလမ်းတစ်ခုမှာ အခြားသူများ၏ လိုအပ်ချက်များကို ခွဲခြမ်းစိတ်ဖြာခြင်းဖြစ်သည်။ ဥပမာ သီးခြားအုပ်စုတစ်ခုမှ ထွက်ပေါ်လာသည့် ကျေနပ်မှုမရှိသော အာရုံခံစားမှုဖြစ်သည်။[၁၂၀] မီဒီယာများ သို့မဟုတ် လူထုတွေ့ဆုံပွဲများရှိ ပါဝင်တက်ရောက်သူများထံမှလည်း သုတေသနလစ်ဟာချက်ကို ပေါ်ထွက်လာစေသည်။ ဤနည်းလမ်းဖြင့် လက်ရှိထင်ရှားသည့် သတင်းအစီရင်ခံစာများမှ သုတေသနလစ်ဟာချက်ကို သုတေသနပညာရှင်က သတ်မှတ်ဖော်ထုတ်နိုင်သည်။

သုတေသနရေးပစ္စည်းများမှလည်း သုတေသနလစ်ဟာချက် ပေါ်ထွက်နိုင်သည်။ သုတေသနရေးပစ္စည်းဟူသည့် အသုံးအနှုန်းကို ဤနေရာတွင် စနစ်တကျ ထိန်းချုပ်ထားခြင်းမရှိဘဲ ရည်ရွယ်ချက်ရှိရှိ ပြုလုပ်ထားသည့် ဘက်လိုက်မှုများဖြစ်ပြီး ၎င်းသည် သုတေသနပညာရှင်တစ်ဦး၏ သုတေသန ကောက်ချက်ချရာတွင်[၁၂၁] ကိုယ်ပိုင်သုတေသန၏ အတွင်းကျိုးကြောင်းညီညွတ်ခိုင်လုံခြင်းကိုသာမက ပြင်ပကျိုးကြောင်းညီညွတ်ခိုင်လုံခြင်းကိုပါ ခြိမ်းခြောက်နိုင်သည်။[၁၂၂] ဤသို့ဖြင့် နောင်ကာလ စူးစမ်းလေ့လာခြင်း သို့မဟုတ် သုတေသနအတွက် လိုအပ်သည့် သုတေသနလစ်ဟာချက်ကို ဖန်တီးပေးပါသည်။ ဤနည်းလမ်းအတိုင်း ဆောင်ရွက်ခြင်းဖြင့် သုတေသနလစ်ဟာချက်သည်

---

[၁၁၆] Z Mahmud, *Handbook of Research Methodology (a Simplified Version)*, University Publication Centre (UPENA), UiTM, Malaysia, 2009, pp. 1-3.

[၁၁၇] Noor, pp. 28-29

[၁၁၈] KA Robinson, IJ Saldanha & NA Mckoy, *Framework for identifying research gaps,* National Collaborating Centre for Methods and Tools, Hamilton, McMaster University, 2011, retrieved 14 May 2015, <http://www.nccmt.ca/registry/view/eng/118.html.>

[၁၁၉] O'Leary, p. 26.

[၁၂၀] O'Leary, pp. 40-41.

[၁၂၁] DB Strohmetz & RL Rosnow, 'Artifacts in research process', *SAGE Research Method*, 2013, pp. 26-28, retrieved 8 June 2015, <http://srmo.sagepub.com/view/the-sage-encyclopedia-of-social-science-researchmethods/n24.xml>.

[၁၂၂] အတွင်းကျိုးကြောင်းဆီလျော်မှုဆိုသည်မှာ အကျိုးအကြောင်း သို့မဟုတ် ကြောင်းကျိုးဆက်နွယ်နေသော ဆက်စပ်မှုများနှင့် သက်ဆိုင်သည့် ဆိုလိုချက်အကြောင်း ခန့်မှန်းထားသည့်အမှန်တရား ဖြစ်သည်။ ထို့ကြောင့် အတွင်းကျိုးကြောင်းဆီလျော်မှုသည် ကြောင်းကျိုးဆက်နွယ်နေသော ဆက်သွယ်မှုကို တည်ဆောက်ရန် ကြိုးစားသည့် လေ့လာမှုများအတွက်သာ သင့်လျော်သည်။ ၎င်းသည် လက်တွေ့မျက်မြင် သို့မဟုတ် သရုပ်ဖော်လေ့လာမှုအများစုအတွက် မသင့်လျော်ပေ။ ပြင်ပကျိုးကြောင်း ဆီလျော်မှုသည် ယေဘုယျပြုခြင်းပါဝင်သည့် သုံးသပ်ချက်များကို ချမှတ်ရာတွင် နီးကပ်သော အမှန်တရားကို ရည်ညွှန်းခြင်း ဖြစ်သည်။ ရှင်းလင်းသည့် အသုံးအနှုန်းအနေဖြင့်ဖော်ပြရသော် ပြင်ပကျိုးကြောင်းဆီလျော်မှုဆိုသည်မှာ လေ့လာမှု၏ သုံးသပ်ချက်များကို အခြားနေရာများနှင့် အခြားအချိန်တို့တွင် အတိုင်းအတာတစ်ခုအထိ ထည့်သွင်းနိုင်ခြင်း ဖြစ်သည်။ Trochim.

သုတေသနမေးခွန်း၏ အရင်းအမြစ် ဖြစ်လာပြီး သုတေသနစီမံကိန်းကို တီထွင်ဖန်တီးရာတွင် စာပေလေ့လာဆန်းစစ်မှုသည် မရှိမဖြစ်လိုအပ်သည့် သဘောတရား အစိတ်အပိုင်းဖြစ်လာသည်။

## ပညာရပ်စာပေရှာဖွေခြင်း

သုတေသနပညာရှင်အများအပြားသည် ယခင်စာပေများဖတ်ရှုခြင်းဖြင့်လည်းကောင်း ယခင်စာပေများကို မည်သို့အကျယ်ချဲ့မည် သို့မဟုတ် မွမ်းမံမည်ဟု စဉ်းစားခြင်းဖြင့် သုတေသနအတွက် အကြံဉာဏ်များ ရရှိသည်။[၁၂၃] ဘာသာရပ်စာပေကို ဦးစွာနားလည်သဘောပေါက်ခြင်းနှင့် ပညာရပ်နယ်ပယ်ရှိသုတေသနလစ်ဟာချက်များကို သတ်မှတ်ဖော်ထုတ်နိုင်ခြင်း မရှိပါက သုတေသနပညာရှင်သည် သိသာထင်ရှားသည့် သုတေသနကို ဆောင်ရွက်နိုင်လိမ့်မည် မဟုတ်ပါ။[၁၂၄]

သုတေသနနယ်ပယ်ရှိ အခြေခံ အယူအဆများ၊ သီအိုရီများနှင့် သုတေသနနည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်သဘောပေါက်စေရန်အတွက် ဘာသာရပ်စာပေရှာဖွေမှုကို ဒီဇိုင်းရေးဆွဲရမည် ဖြစ်သည်။[၁၂၅] ပညာရပ်စာပေကို သုတေသနလေ့လာရာတွင် အချက်အလက်အဖြစ် အသုံးပြုသည့် သုတေသနကို 'အယူအဆ အခြေပြု (doctrinal) သုတေသန သို့မဟုတ် ထိုင်ခုံအခြေပြု (armchair) သုတေသန' သို့မဟုတ် 'စာကြည့်တိုက် အခြေပြု (library-based) သုတေသန' ဟု ညွှန်းဆိုပါသည်။[၁၂၆] ၎င်းသုတေသနကို ဥပဒေနယ်ပယ်တွင် အများဆုံး တွေ့ရှိရပြီး လေ့လာဆန်းစစ်မှုသည် ပညာရပ်စာပေအပေါ် ဦးတည်ထားပါသည်။[၁၂၇] ဥပဒေပညာရပ်တွင် အယူအဆ အခြေပြု ဥပဒေသုတေသနသည် အများဆုံးလက်ခံအသုံးပြုသည့် နည်းလမ်းဖြစ်ကြောင်း အစီရင်ခံစာအားလုံးက သဘောတူကြသည်။[၁၂၈]

အယူအဆအခြေပြု၊ ထိုင်ခုံအခြေပြု သို့မဟုတ် စာကြည့်တိုက်အခြေပြုသုတေသနသည် ဥပဒေဆိုင်ရာပြဿနာ သို့မဟုတ် မေးခွန်းကို ဖြေရှင်းသည့် သုတေသနပုံစံဖြစ်သည်။ အခြားစကားအရဆိုသော် အယူအဆအခြေပြု သုတေသနသည် စာကြည့်တိုက်အခြေပြုလေ့လာမှုဖြစ်သည့် သုတေသနနည်းလမ်းပုံစံတစ်မျိုး ဖြစ်သည်။ သုတေသနပညာရှင်သည် စာကြည့်တိုက်အတွင်းရှိ ထိုင်ခုံပေါ်တွင် ထိုင်ပြီးနောက် စာကြည့်တိုက် စာအုပ်စင်နှင့် မော်ကွန်းတိုက်များရှိ အချက်အလက်များကို နေရာချခြင်းဖြင့် သုတေသနကို စတင်ပါသည်။ လိုအပ်သည့် အချက်အလက်များကို ဥပဒေစာကြည့်တိုက်တွင် ရရှိနိုင်ခြင်းကြောင့် သုတေသနပညာရှင်သည် စာကြည့်တိုက်ပြင်ပထွက်၍ လိုအပ်သည့် အချက်အလက်များ ရှာစရာမလိုပေ။[၁၂၉] ရိုးရိုးစင်းစင်းပြောရလျှင် ဤသုတေသနသည် စာကြည့်တိုက်ရှိ စာအုပ်စာတမ်းများကို လေ့လာမှုပင် ဖြစ်သည်။[၁၃၀] ဤလေ့လာမှု၏ ရည်ရွယ်ချက်မှာ ဥပဒေအချို့၏ စနစ်ကျသည့် ပုံစံ၊ အချက်အလက်များ၊ သဘောတရားများ၊ ပြဋ္ဌာန်းချက်များ၊ အယူအဆများ သို့မဟုတ် လုပ်ဆောင်ချက်များအား လေ့လာဆန်းစစ်ခြင်း၊ ရှာဖွေခြင်း၊ စစ်ဆေးခြင်း၊ ရှင်းပြခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းတို့ ဖြစ်သည်။ ဤသုတေသနနည်းလမ်း၏ ရည်ရွယ်ချက်မှာ ဗဟုသုတအသစ်များကို ပေါင်းစပ်၍ ဖြန့်ဖြူးခြင်း ဖြစ်သည်။ အဆိုပါ သုတေသနပုံစံအတွက် ရရှိနိုင်သည့် အချက်အလက်အမျိုးအစားမှာ ပြဋ္ဌာန်းဥပဒေများနှင့် အမှုတွဲများ၊ (ဥပဒေ စီရင်ထုံး/ ဖြတ်ထုံး)၊ စီရင်ထုံးအနှစ်ချုပ် နှင့် ပညာရှင်များ၏ သုတေသနကျမ်းများ ဖြစ်ကြသည်။

---

[၁၂၃] Trochim.

[၁၂၄] Justus, p. 1.

[၁၂၅] Ridley, p. 30.

[၁၂၆] The Directory of Open Access Journals (DOAJ) may be of assistance available at <*http://www.doaj.org.*>.

[၁၂၇] Ridley, p. 33.

[၁၂၈] T Hutchinson & N Duncan, 'Defining and describing what we do: Doctrinal legal research', *Deakin Law Review*, vol. 17, no. 1, 2012, pp. 212-213.

[၁၂၉] Hutchinson & Duncan.

[၁၃၀] Neumann.

ယနေ့ခေတ်စာပေလေ့လာမှုအများစုသည် အီလက်ထရွန်နစ်နည်းလမ်းများဖြစ်သည့် အင်တာနက်ကို အသုံးပြု၍ ရှာဖွေကြသည်။[၁၃၁] အင်တာနက်အသုံးပြု၍ စာပေရှာဖွေခြင်းသည် အလွန်လွယ်ကူပါသည်။ သုတေသနပညာရှင်သည် သူ၏ သုတေသနနယ်ပယ်နှင့် သက်ဆိုင်သည့် ပညာရပ်ဆိုင်ရာအဓိကစကားရပ်များကို ရိုက်၍ရှာရန်သာ လိုအပ်သည်။[၁၃၂] သို့သော် ရှာဖွေသည့် အချက်အလက်များကို ဖြစ်ပေါ်စေသည့် စကားရပ်များကို ရွေးချယ်ရန်အတွက် သေသေချာချာ စဉ်းစားရန် လိုအပ်သည်။[၁၃၃] သုတေသနနယ်ပယ်တစ်ခုနှင့် သင့်လျော်သည့် အချက်အလက်အများအပြားရှိသည့်အနက် အသင့်လျော်ဆုံးအချက်အလက်ကို ရွေးချယ် ထုတ်နှုတ်ရမည်ဖြစ်သည်။ အခြားအဓိက စကားရပ်များ သို့မဟုတ် စကားလုံးများကို ပေါင်းစပ်အသုံးပြုခြင်းကိုလည်းအသုံးပြုရန် အကြံပြုပါသည်။ အွန်လိုင်းတွင် ပညာရပ်စာပေကို ရှာဖွေသောအခါ[၁၃၄] စာပေလေ့လာဆန်းစစ်မှု ရေးသားခြင်းကို အကူအညီပေးမည့် သတင်းအချက်အလက်များကို ထပ်မံဖော်ထုတ်နိုင်သည်။ ဥပမာအားဖြင့် စာပေလေ့လာသည့်နည်းလမ်းကို လွယ်ကူချောမောစေရန်အတွက် အချို့အချက်အလက်ဘဏ်တိုက် (ဒေတာဘေ့စ်) များသည် ‘နှင့်၊ မဟုတ်၊ သို့မဟုတ် စသည့် စကားရပ်များကို အသုံးပြုရှာဖွေသည့်နည်းလမ်းဖြစ်သော Boolean operators’ ဟု ခေါ်သည့် အမိန့်ပေးဆောင်ရွက်ချက်ကို အသုံးပြုသည်။ အသုံးများသည့် ‘Boolean operators’ စကားရပ်များမှာ ‘နှင့်’ (and)၊ ‘သို့မဟုတ်’ (or) နှင့် ‘မဟုတ်’ (not) တို့ဖြစ်သည်။[၁၃၅] သတ်မှတ်ထားသည့် ပညာရပ်ဆိုင်ရာ အဓိကစကားရပ်များပါဝင်သည့် ဆောင်းပါးများကို ရှာဖွေရန် ရည်ရွယ်ပါက ‘နှင့်’ (and) စကားလုံးကို အသုံးပြုသည်။[၁၃၆] သတ်မှတ်ထားသည့် ပညာရပ်ဆိုင်ရာ မည်သည့် အဓိကစကားရပ်မဆို ပါဝင်သည့် ဆောင်းပါးအား ရှာဖွေလိုပါက ‘သို့မဟုတ် (or)’ စကားရပ်ကို အသုံးပြုပါသည်။ သီးသန့်ပညာရပ်အဓိကစကားရပ်ပါဝင်သည့် ဆောင်းပါးများကို ဖယ်ထုတ်လိုပါက ‘မဟုတ် (not)’ စကားလုံးကို အသုံးပြုပါသည်။[၁၃၇]

အီလက်ထရွန်နစ်နည်းလမ်းများဖြင့် ပညာရပ်စာပေလေ့လာခြင်းသည် စုဆောင်းထားသည့် ရင်းမြစ်များကို သေချာစွာ စိစစ်တွက်ချက်ရန် လိုအပ်သည်။[၁၃၈] ဝီကီပီးဒီးယား (Wikipedia) [၁၃၉]၊ ဂူးဂဲ (Google)၊ ဂူးဂဲစကော်လာ (Google Scholar) နှင့် မြောက်များစွာသော အချက်အလက် ရှာဖွေရေးစက်များသည် အွန်လိုင်းသတင်းအချက်အလက်များကို ရှာဖွေရာတွင် လွယ်ကူသည်ဟု ထင်မြင်ရသော်လည်း[၁၄၀] သုတေသနပညာရှင်၏ ခုခံဆွေးနွေးချက်ကို အထောက်အပံ့ပေးရန် ပြီးပြည့်စုံသည့် သက်သေများကို ရှာဖွေရန်အတွက် အကောင်းဆုံးအရင်းအမြစ်များ မဟုတ်ပါ။ ဥပမာ အချို့အရင်းအမြစ်များသည် စာရေးသူ သို့မဟုတ် အခြားရင်းမြစ်များကို ရှင်းရှင်းလင်းလင်း သတ်မှတ်ထားခြင်း မရှိပေ။ စာအုပ်တစ်အုပ်၏ စာရေးသူကို သတ်မှတ်ဖော်ပြခြင်း မရှိပါက ပညာရပ်ဆိုင်ရာအကြောင်းအရာတွင် ၎င်းအရင်းအမြစ်သည် ယုံကြည်ကိုးကားရန် သင့်လျော်မှုမရှိပေ။[၁၄၁] ဝက်ဆိုက်တစ်ခုသည် ပုံမှန် ပြုပြင်မွမ်းမံမှုမရှိပါက အဆိုပါ

---

[၁၃၁] Bolderston.

[၁၃၂] အဓိကစကားရပ်များ (Keywords) ဆိုသည်မှာ ရှာဖွေစဉ်တွင် သင့်လျော်ပြီး အသုံးဝင်သည့် အချက်အလက်များ တွေ့ရှိနိုင်ရန် အသုံးပြုသည့် စကားလုံးများ ဖြစ်သည်။ ရှာဖွေမှုအတွက် ရွေးချယ်သည့် အဓိကစကားရပ်များသည် “ထိရောက်အကျိုးရှိသည့် ရှာဖွေမှု၏ အုတ်မြစ်” ဖြစ်ခြင်းကြောင့် အရေးကြီးပါသည်။ F Timmins & C McCabe, ‘How to conduct an effective literature search’, *Nurs Standard*, vol. 20, 2005, pp 41-47.

[၁၃၃] Patricia, Ryan & Coughlan.

[၁၃၄] Patricia, Ryan & Coughlan.

[၁၃၅] C Ely & I Scott, ‘Essential *s*tudy skills for Nursing’, *Elsevier*, Edinburgh, 2007, pp 1-223.

[၁၃၆] Patricia, Ryan & Coughlan.

[၁၃၇] Patricia, Ryan & Coughlan.

[၁၃၈] JM Mcgrath & HA Samra, ‘Before you search the literature: how to prepare and get the most out of citation databases’, *Newborn & Infant Nursing Review*s, vol. 12, no. 3, 2012, pp. 162-170.

[၁၃၉] Wikipedia Main Page, retrieved 10 June 2015, <http://en.wikipedia.org/wiki/main_Page>.

[၁၄၀] Mcgrath & Samra.

[၁၄၁] Ridley, p. 63.

ဝက်ဆိုက်ရှိ အချက်အလက်များသည် အချိန်နှင့်တပြေးညီ သစ်လွင်မနေဘဲ အလွယ်တကူ သက်တမ်း ကုန်ဆုံးနိုင်သည်။[၁၄၂] ထို့ကြောင့် သုတေသနပညာရှင်လိုအပ်ချက်ဖြစ်သည့် လက်ရှိအနေအထားကို ၎င်းအချက် အလက်များက ထင်ဟပ်နိုင်ခြင်း မရှိပေ။ စည်းကမ်းတင်းကြပ်မှုမရှိသော ဝက်ဆိုဒ်များကိုလည်း အချက်အလက် ရှာဖွေမှုအတွက် ရှောင်ရှားသင့်သည်။ ဥပမာ ဝီကီပီးဒီးယားသည် အွန်လိုင်းအချက်အလက်အရင်းအမြစ်တွင် ထင်ရှားပြီး ဆောင်းပါးပေါင်း (၂) သန်းကျော် ပါဝင်သော်လည်း အကြောင်းအရာကို လူတိုင်း တည်းဖြတ်နိုင်သည်။ ထို့ကြောင့် ၎င်း၏ ယုံကြည်စိတ်ချရမှုသည် မေးခွန်းထုတ်ဖွယ်ရာ ပြဿနာတစ်ရပ် ဖြစ်သည်။[၁၄၃]

အချက်အလက်အရင်းအမြစ်အနေဖြင့် ဂျာနယ်များသည် စာအုပ်များထက် ပို၍ ခေတ်ကာလ အခြေအနေနှင့်အညီ နောက်ဆုံးပေါ်ဖြစ်ကြောင်း သတ်မှတ်ကြသည်။ စာအုပ်များသည် ပုံနှိပ်ထုတ်ဝေရန် အချိန်ကြာမြင့်တတ်သည့်အတွက် ခေတ်မမီနိုင်တော့ပေ။ သို့သော် စာအုပ်များကို ဖယ်ထုတ်သင့်သည်ဟု အဓိပ္ပာယ် မသက်ရောက်စေပါ။ အကြောင်းရင်းမှာ စာအုပ်များသည် အဖိုးတန်၍ လက်သင့်ခံနိုင်သော အချက်အလက်အရင်းအမြစ်များ ဖြစ်ခြင်းကြောင့် ဖြစ်သည်။[၁၄၄] စာပေလေ့လာရှာဖွေမှုလမ်းကြောင်းတွင် သုတေသနပညာရှင်တစ်ဦးအား မေးခွန်းမေးမြန်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းဆိုင်ရာ ချဉ်းကပ်မှုကို အသုံးပြု ရှာဖွေရန် ယခုထက်တိုင် မျှော်လင့်နိုင်သည်။ စာရေးသူ၏ အဓိက ခုခံဆွေးနွေးချက် သို့မဟုတ် သုံးသပ်ချက်များကို အခြား ပညာရှင်များ၏ ခုခံဆွေးနွေးချက်များနှင့် နှိုင်းယှဉ်၍ ခြားနားချက်ကိုရှာဖွေခြင်း ပုံစံဖြင့် မေးခွန်းမေးမြန်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းဆိုင်ရာ ချဉ်းကပ်မှုကို ဆောင်ရွက်နိုင်သည်။ သုတေသနပညာရှင်တစ်ဦးသည် စာရေးသူ၏ ခုခံချေပချက်ကို အထောက်အပံ့ပေးရန်အတွက် သက်သေအချက်အလက်များကို မေးခွန်းထုတ်နိုင်သည်။ သို့သော် စာရေးသူ၏ သုံးသပ်ချက်များကို အပြည့်အဝ စိတ်ဖြာသတ်မှတ်ရမည်ဖြစ်ပြီး ခိုင်မာသည့် အကြောင်းအရာသက်သေများဖြင့် ခွဲခြမ်းစိတ်ဖြာ လေ့လာရမည်။[၁၄၅]

အဆိုပါ အစိတ်အပိုင်းများအားလုံးကို အတူတကွဆောင်ရွက်ခြင်းဖြင့် ပညာရပ်စာပေများကို တစ်ခုပြီး တစ်ခု အောက်ပါအတိုင်း အနှစ်ချုပ်နိုင်သည်။ သုတေသနစာတမ်းဆိုသည်မှာ ဆွေးနွေးခုခံချေပချက်ပုံစံတစ်မျိုးဖြစ်ပြီး သင့်လျော်သည့် အချက်အလက်များနှင့် ပြန်လည်ချေပချက်တစ်ခုကို တင်ပြပါသည်။ ၎င်းသည် ဂန္ထဝင်ပုံစံတစ်မျိုးဖြစ်၍ နှစ်ပေါင်းထောင်ချီကြာမြင့်နေပြီ ဖြစ်ပါသည်။ ဥပဒေတစ်ခုကို အဆိုပြုရန်အတွက် လိုအပ်သည့် ရွေ့ပြေးတစ်ခုပင်ဖြစ်သည်။ သုတေသနသည် ဖော်ပြသည့်အကြောင်းအရာတစ်ခုအတွင်း အချက်အလက်များကို စုဆောင်းထားခြင်း ဖြစ်သည်။ သီအိုရီသည် တိကျသည့် အကြောင်းအရာအတွင်း လူသား၏ သဘောဖြစ်စဉ်ကို ခွဲခြမ်းစိတ်ဖြာခြင်း ဖြစ်သည်။ ဗဟုသုတသည် အယူအဆ ယုံကြည်မှုနှင့် သက်ဆိုင်သည့် တွေးခေါ်ဆင်ခြင်မှုနှင့် အသိအမြင် ကြွယ်ဝခြင်း ဖြစ်သည်။ သုတေသနလစ်ဟာချက်သည် စာဖတ်သူ၏ အမြင်သဘောထားဖြင့် သတ်မှတ်ထားသည့် ပြဿနာတစ်ရပ်ဖြစ်ပြီး ထိုပြဿနာရပ်အတွက် မှန်ကန်သည့် သတင်းအချက်အလက်များကို ချိတ်ဆက်ပေးထားမှု မရှိခြင်းကြောင့် ဖြစ်သည်။ စာပေလေ့လာရှာဖွေမှုသည် ခုခံချေပဆွေးနွေးမှုတစ်ခုကိုအားပေးရန်အတွက် သက်သေအချက်အလက်များကို ရှာဖွေခြင်းပင် ဖြစ်သည်။ ထို့ကြောင့်စာပေလေ့လာဆန်းစစ်ခြင်းသည် သုတေသနအတွက် အကြောင်းအရာတစ်ခုကို သတ်မှတ်ပေးပြီး သုတေသနလစ်ဟာချက်များကို ခိုင်လုံသည့်ချေပချက်ဆိုင်ရာ နားလည်သဘောပေါက်မှုနှင့် သိမြင်နားလည်မှုအသစ်များဖြင့် ဖြည့်ဆည်းပေးသည်။

## စာပေလေ့လာမှုကို အစီအစဉ်တကျ ပုံစံချခြင်း

ဥပဒေဆိုင်ရာ စာပေလေ့လာဆန်းစစ်မှု အတွက် အကောင်းဆုံးပုံစံကို အစီအစဉ်တကျ ချမှတ်ရန်အတွက် ဤအခန်းက ပညာရပ်ကို စနစ်တကျ စစ်ဆေးပါသည်။ ထို့ကြောင့် ခုခံချေပဆွေးနွေးမှုသည် မည်သည့်စာပေလေ့လာမှုတွင်မဆို တသမတ်တည်းရလဒ်ပုံစံကို သတ်မှတ်နိုင်သည်။ လက်ရှိတည်ရှိနေသည့် ပညာရပ်စာပေအောက်တွင် သီးသန့်

[၁၄၂] Ridley, p. 63.

[၁၄၃] Bolderston, pp. 86-92, 88.

[၁၄၄] Patricia, Ryan & Coughlan.

[၁၄၅] Ridley, p. 48.

ရည်ရွယ်ချက်တစ်ခုကို ရရှိစေရန်အတွက် အပိုင်းတစ်ပိုင်းစီကို ဒီဇိုင်းသတ်မှတ်ထားသည်။ သီးသန့်အကြောင်းအရာ အလိုက် သုတေသနလစ်ဟာချက်များကို ရှာဖွေသတ်မှတ်ရာတွင် စာပေလေ့လာဆန်းစစ်မှုအား မည်သို့ အသုံးပြုသည်ကို ဤလေ့ကျင့်ခန်း၏ စုပေါင်းရလဒ်က ပြသသည်။

သုတေသနစာတမ်းပါ စာပေလေ့လာဆန်းစစ်မှု၏ စံနမူနာပုံစံတွင် အခန်း (၃) ခန်း ပါဝင်သည်။ ပထမအခန်းတွင် သီအိုရီများကို ရှာဖွေပြီး ဒုတိယအခန်းသည် သီအိုရီဆိုင်ရာ မူဘောင်ကို တည်ဆောက်ကာ နောက်ဆုံးအခန်းသည် သုတေသန၏ သမိုင်းကြောင်းနောက်ခံကို ဖော်ပြသည့်အပိုင်း ဖြစ်ပါသည်။[၁၄၆] သို့သော် သုတေသနစာတမ်းသည် မတူညီသည့် သုတေသနလေ့လာမှုအချို့ ပါဝင်သောအခါ ကောင်းမွန်သည့် စာပေလေ့လာဆန်းစစ်မှုကို အသုံးပြုနိုင်သည်။ ဤပုံစံတွင်စာပေလေ့လာဆန်းစစ်မှုသည် နိဒါန်းဖြင့် စတင်ပြီးနောက် သုတေသနစာတမ်းရှိ အဓိက အပိုင်းတိုင်းတွင်လည်း ဆက်တိုက် ဖော်ပြပါသည်။ လေ့လာမှုတစ်ခုချင်းစီကို ရှေ့ကထည့်ခြင်းဖြင့် သုတေသန ပညာရှင်က နိဒါန်းပိုင်းတွင် တင်ပြထားချက်ကို ပို၍ အသေးစိတ် ချဲ့ထွင်ရှင်းပြရန် အဆိုပါ လေ့လာဆန်းစစ်ချက် များကို ရေးသားပါသည်။[၁၄၇] စာပေလေ့လာဆန်းစစ်မှုအစတွင် သုတေသနပညာရှင်သည် စာပေလေ့လာဆန်းစစ်မှု၏ ရည်ရွယ်ချက်၊ သမိုင်းကြောင်းနောက်ခံ သုတေသနနယ်ပယ်ရှိ ခေတ်ပြိုင်အကြောင်းအရာတို့ကိုသာမက သီအိုရီများ နှင့် အယူအဆများကိုလည်း ဖော်ပြသင့်သည်။ ထို့နောက် နယ်နိမိတ်ကန့်သတ်ထားကြောင်း ဖော်ပြချက် လာရမည် (လစ်ဟာချက်များ၏ အားသာချက်ဖြင့်)။ နောက်ဆုံးအနေဖြင့် သုတေသနပြုသည့် ကိစ္စရပ်၏ သိသာထင်ရှားမှုကို ဖော်ပြရမည် ဖြစ်သည်။[၁၄၈]

သုတေသနသည် နောက်ခံသမိုင်းအကြောင်းအရင်းအတွင်း တည်ရှိနေလိမ့်မည်မှာ သံသယဖြစ်စရာ မလိုပါ။ ၎င်းနောက်ဆုံးအဆင့်မှာ ခေတ်ပြိုင်အခြေအနေဖြစ်ပြီး လက်တွေ့၊ လက်တလောနှင့် အကောင်အထည် ဖော်နေဆဲ ဖြစ်သည့် သုတေသနရှိ အခြေအတင်ငြင်းခုန်ဆွေးနွေးမှုများ ပါဝင်သည်။ သုတေသနအကြောင်းအရာနှင့် သက်ဆိုင် သောအလုပ်၏ ကျိုးကြောင်းဖော်ပြချက်နှင့် သိသာထင်ရှားမှုကို ဆွေးနွေးခြင်းဖြင့် ခေတ်ပြိုင်အခြေအနေကို နီးနီး ကပ်ကပ်ချိတ်ဆက်လိမ့်မည်။[၁၄၉] အခြားသုတေသနပညာရှင်၏ အလုပ်သည် မှန်ကန်ကြောင်း သက်သေပြရန်အတွက် ယခင်သုတေသနရှိ လစ်ဟာချက်တစ်ခုကို အသုံးပြုနိုင်သည်။[၁၅၀] ထိုသို့သက်သေပြခြင်းဖြင့် သုတေသနပညာရှင်သည် ၎င်း၏လေ့လာမှုရှိ သုတေသနပြဿနာကို ဖြေရှင်းနိုင်သည်။ အမှန်တကယ်တွင် ဤနည်းလမ်းသည် သုတေသန အလုပ်၏ မူရင်းဖြစ်ပြီး ဗဟုသုတကို ပိုမိုတိုးပွားအောင် ထည့်ဝင်ပေးပါသည်။ ပညာရပ်နယ်ပယ်ရှိ စာပေများမှ ရည်ညွှန်းကိုးကားချက်များကိုလည်း ဆွေးနွေးချက်အတွင်း ပေါင်းစပ်ထည့်သွင်းရန် မရှိမဖြစ် လိုအပ်ပါသည်။ အဆိုပါ စာပေကိုးကားချက်များသည် စုံစမ်းလေ့လာလျက်ရှိသည့် ပြဿနာကို သုတေသန ပညာရှင်က ဖြေရှင်းလျက်ရှိသည် ဟူသည့်အဆိုကို အထောက်အပံ့ပေးပါသည်။[၁၅၁]

အမှန်အားဖြင့် သုတေသနစီမံကိန်းတိုင်းသည် ပညာရပ်စာပေရှိ မေးခွန်းကို ဖြေဆိုခြင်း သို့မဟုတ် လစ်ဟာချက်ကို သတ်မှတ်ခြင်းတို့ကို ပြုလုပ်ရသည်။ ထိုသုတေသနမေးခွန်းသည် စိတ်ပါဝင်စားမှုရှိသော ကျယ်ပြန့်သည့် အယူအဆ တစ်ခုဖြင့် စတင်ပါသည်။ ၎င်းအယူအဆသည် သုတေသနပညာရှင်က လေ့လာရန်ဆန္ဒရှိသည့် ကနဦးပြဿနာ ဖြစ်သည်။ သေသေချာချာစဉ်းစားခြင်း၊ စိတ်ကူးဖြင့် ရေးသားခြင်း သို့မဟုတ် အယူအဆဆိုင်ရာ မြေပုံဆွဲခြင်းတို့ဖြင့် အယူအဆကို ပုံမှန် သိမ်းသွင်းသည်။[၁၅၂] မေးခွန်းသည် စိတ်ဝင်စားဖွယ်ကောင်းသည့် အဖြေကို ထွက်ပေါ်စေသလားဟု

---

[၁၄၆] Ridley, p. 5.

[၁၄၇] Ridley, p. 11.

[၁၄၈] Ridley, p. 25.

[၁၄၉] Ridley, p. 19.

[၁၅၀] Ridley, p. 24.

[၁၅၁] Ridley, p. 25.

[၁၅၂] Trochim.

သုတေသနမေးခွန်းအပေါ် သုတေသနပညာရှင်သည် ဆန်းစစ်ရမည် ဖြစ်သည်။ စာပေလေ့လာဆန်းစစ်မှုတွင် သုတေသနခေါင်းစဉ်နှင့် သုတေသနမေးခွန်းများ ဖော်ထုတ်ခြင်း ပါဝင်သည်။ ခေါင်းစဉ်တစ်ခုကို ဖော်ထုတ်ခြင်းသည် တခါတရံ ခက်ခဲပါသည်။ သုတေသနပညာရှင်များသည် ပညာရပ်စာပေများကို ဖတ်ပြီး ယခင်သုတေသနကို မည်သို့ ချဲ့ထွင်မည် သို့မဟုတ် ပိုမိုကောင်းမွန်အောင်ပြုလုပ်မည်ဟု စဉ်းစားခြင်းဖြင့် ၎င်းတို့၏ သုတေသနခေါင်းစဉ်များ အတွက် အကြံဉာဏ်များ ရရှိကြသည်။[၁၂၃] သုတေသနပညာရှင်သည် ခေါင်းစဉ်ကို ဖော်ထုတ်ပြီးပါက နောက်တစ်ဆင့် ပြုလုပ်ရမည့် အလုပ်သည် သုတေသနမေးခွန်းများကို ရှင်းလင်းစွာ ဖော်ထုတ်ရမည် ဖြစ်သည်။ တစ်ဦးတစ်ယောက်က မေးမြန်းထားပြီ ဖြစ်ခြင်းကြောင့် မေးခွန်းတစ်ခုကို သုတေသနပညာရှင်သည် မငြင်းပယ်သင့်ပါ။ အဆိုပါမေးခွန်းသည် စစချင်း မေးမြန်းလာပါက ၎င်းမေးခွန်းအတွက် အဖြေရရှိအောင် ဆက်လက်လုပ်ဆောင်သင့်သည်။ တစ်ဦး တစ်ယောက်က ဖြေဆိုနှင့်ပြီးကြောင်း သုံးသပ်ချက် သေသေချာချာ ရရှိသည့်တိုင်အောင် သုတေသနပညာရှင်သည် စိတ်အားမလျော့သင့်ပေ။ အဘယ့်ကြောင့်ဆိုသော် ပိုမိုကောင်းမွန် ပြည့်စုံသည့် အဖြေရရှိအောင် စွမ်းဆောင်နိုင်မည် သာမက အနည်းဆုံး ရှုထောင့်အမြင်သစ်တစ်ခု ထွက်ပေါ်လာနိုင် ခြင်းကြောင့် ဖြစ်သည်။[၁၂၄] လူမှုဘာသာရပ်များနှင့် လူမှုရေးသိပ္ပံတို့တွင် အကောင်းဆုံးမေးခွန်းများအတွက် မှန်ကန်သည့်အဖြေတစ်ခုထက်မက ပါဝင်လေ့ ရှိပါသည်။

သုတေသနလေ့လာမှုတွင် အများအားဖြင့် သုတေသနမေးခွန်းပုံစံ (၄) မျိုး ရှိသည်။ မေးခွန်းပုံစံအား သင့်လျော်သည့် သုတေသန ဒီဇိုင်းပြုစုရာတွင် ကျိုးကြောင်းဆီလျော်မှုရှိရှိ အသုံးပြုနိုင်သည်။ ပထမအမျိုးအစားမှာ လက်တွေ့အခြေပြု မေးခွန်း (descriptive question) ဖြစ်ပြီး အရာဝတ္ထုတစ်ခု၏ လက္ခဏာရပ်များအကြောင်း မေးမြန်းခြင်း ဖြစ်သည်။ လက်တွေ့အခြေပြု နမူနာမေးခွန်းများတွင် – နိုင်ငံတွင်းရှိ လေးတန်းကျောင်းသားများရရှိသည့် သင်္ချာဘာသာရပ် ပျမ်းမျှအမှတ်သည် ဘယ်လောက်လဲ? ကိုလံဘီယာခရိုင်အတွင်းရှိ ကွန်ပျူတာလုပ်ငန်းများတွင် အလုပ်လုပ်ကိုင် နေသော ပညာရှင်လုပ်သားများ၏ လုပ်ငန်းခွင် ကျေနပ်မှုက ဘာလဲ? – တို့ ပါဝင်သည်။

ဒုတိယအမျိုးအစားမှာ အချင်းချင်းဆက်နွှယ်မှုရှိသည့် မေးခွန်း (associational question) များဖြစ်ပြီး အမျိုးအစားများ အကြား ကွဲပြားခြားနားမှုများ သို့မဟုတ် အရာဝတ္ထုများ၏ ဆက်စပ်မှုများကို မေးမြန်းခြင်းဖြစ်သည်။ အချင်းချင်း ဆက်နွှယ်မှုရှိသည့် မေးခွန်းနမူနာများတွင် – စပိန်စကားပြော လက်တင်အမေရိကနိုင်ငံများရှိ လေးတန်း ကျောင်းသား များ၏ သင်္ချာရမှတ်အား အမေရိကန်နိုင်ငံဖွားအာဖရိကသား လေးတန်းကျောင်းသား၏ သင်္ချာရမှတ်နှင့် မည်သို့ နှိုင်းယှဉ်သလဲ? ကိုလံဘီယာခရိုင်ရှိ ကွန်ပျူတာလုပ်ငန်းပညာရှင်များသည် မီဒီယာလုပ်ငန်းပညာရှင်များနှင့် နှိုင်းယှဉ် ပါက စိတ်ကျေနပ်မှု ပိုသလား သို့မဟုတ် လျော့နည်းပါသလား? – တို့ ပါဝင်သည်။

တတိယပုံစံမှာ မည်သည့်အကြောင်းရင်းများကြောင့် ကွဲပြားခြားနားချက်များ သို့မဟုတ် ပြောင်းလဲမှုများကို တွေ့ရှိရ သနည်းဟု မေးမြန်းထားသည့် ကျိုးကြောင်းပြမေးခွန်း (causal question) ဖြစ်သည်။ ဥပမာအားဖြင့် စပိန်ဘာသာ စကားပြော လေးတန်းကျောင်းသားများအကြား သင်္ချာဘာသာရမှတ် များစွာကွာခြားရခြင်းသည် မည်သည့် အကြောင်းကြောင့် ဖြစ်သနည်း? ပညာသင်နှစ်ဝက်စာသင်ကာလအတွင်း တစ်ပတ်လျှင် နှစ်နာရီ သင်္ချာ လေ့ကျင့်ခန်း ပေးခြင်းသည် သင်္ချာရမှတ်နည်းသည့် စပိန်ဘာသာစကားပြော လေးတန်းကျောင်းသားများ၏ သင်္ချာရမှတ်ကို တိုးတတ်စေနိုင်ပါသလား? တို့ ဖြစ်သည်။

နောက်ဆုံးမေးခွန်းပုံစံမှာ အရင်းအမြတ်တွက်ချေကိုက်မှုဆန်းစစ်သည့် မေးခွန်း (benefit-cost question) ဖြစ်သည်။ အရေးယူဆောင်ရွက်မှုတစ်ခုကြောင့် ရရှိလာသည့် အကျိုးအမြတ်များသည် ကုန်ကျစရိတ်အရင်းနှင့် နှိုင်းယှဉ်ပါက ထိုက်ထိုက်တန်တန် တွက်ချေကိုက်မှု ရှိ မရှိ မေးမြန်းသည့် မေးခွန်းဖြစ်သည်။ ဥပမာအားဖြင့် သင်္ချာဂိမ်းဖြစ်သည့် Math Buster လေ့ကျင့်ခန်းများမှ ရရှိသည့် အကျိုးကျေးဇူးများသည် ကွန်ပျူတာစမ်းသပ်ခန်း၊ ဆော့ဝဲယား (software) နှင့် စမ်းသပ်ခန်း ကြီးကြပ်မှုများအတွက် ကုန်ကျစရိတ်များထက် ကျော်လွန်မှု ရှိပါသလား? Math Explosion

---

[၁၂၃] Trochim.

[၁၂၄] KL Turabian, *A manual for writers of research papers, theses and dissertations*, 7th edn, the University of Chicago Press, London, 2007, pp. 18-19.

သင်္ချာလေ့ကျင့်ခန်းများ၏ အရင်းအမြစ်အချိုးသည် ကျောင်းပြီးချိန်ကလေးများအား ဆရာများက သီးသန့် သင်ကြားပြခြင်း၏ အရင်းအမြစ်အချိုးထက် များပြားပါသလား? တို့ဖြစ်သည်။ နောက်ဆုံးတွင် လက်ရှိဗဟုသုတ များကို ခွဲခြမ်းစိတ်ဖြာ၍ နောင်ကာလတွင် သုတေသနပြုလုပ်ရန်အတွက် ဆင်ခြင်တုံတရားကို ဆောင်ကြဉ်းပေး နိုင်မည်ဖြစ်သည့် တွေ့ရှိချက် လိုတိုရှင်း အနှစ်ချုပ်ဖြင့် လေ့လာဆန်းစစ်မှုကို သုံးသပ်နိဂုံးချုပ်ပါသည်။[၁၅၅] ဗဟုသုတ ဖြင့် သတ်မှတ်ဖော်ထုတ်ထားသည့် လစ်ဟာချက်များကြောင့် အဆိုပြုသုတေသနကို လိုအပ်ခြင်းဖြစ်သည်ဟု မှတ်ယူ ကြခြင်း ဖြစ်သည်။[၁၅၆] လေ့လာဆန်းစစ်မှုသည် အဆိုပြုသုတေသနတွင် ထည့်သွင်းအသုံးချသင့်သည့် အချက်များနှင့် အကြံပြုချက်များကိုလည်း ဆောင်ကြဉ်းပေးပါသည်။[၁၅၇]

ထို့ကြောင့် စာပေလေ့လာဆန်းစစ်မှုသည် သုတေသနမေးခွန်းများ ဖြေဆိုရာတွင် အကူအညီပေးသည်။ စာပေလေ့လာ ဆန်းစစ်မှုသည် အကြောင်းအရာတစ်ခုအကြောင်း ရေးသားထားချက်နှင့် လိုက်ဖက်လျော်ညီသည့် အရာအားလုံးနှင့် သက်ဆိုင်ပါသည်။ စာအုပ်များ၊ ဂျာနယ်ဆောင်းပါးများ၊ သတင်းစာဆောင်းပါးများ၊ သမိုင်းဆိုင်ရာ မှတ်တမ်းများ၊ အစိုးရအစီရင်ခံစာများ၊ သုတေသနစာတမ်းများနှင့် ဘွဲ့အတွက် ပြုစုသောကျမ်းများတို့ ပါဝင်သည်။ အရေးကြီးဆုံး စကားမှာ "လိုက်ဖက်လျော်ညီ သင့်လျော်မှု"[၁၅၈] ဖြစ်ပြီး စီရင်ထုံးဥပဒေတစ်စိတ်တစ်ပိုင်းကိုပင် စာပေပုံစံတစ်မျိုးအဖြစ် ထည့်သွင်းထားသည်။

ယေဘုယျအားဖြင့် ပြောဆိုရသော် စာပေလေ့လာဆန်းစစ်မှုရှိ ကျမ်းကိုးစာရင်းပါ ရည်ညွှန်းကိုးကားချက်များသည် ဘွဲ့ဒီဂရီကို လိုက်၍ သင့်တင့်လျောက်ပတ်စွာ ပြောင်းလဲမှုရှိသည်။ ဥပမာအားဖြင့် ဘွဲ့ကြိုကျောင်းသားများအနေဖြင့် လေ့လာဆန်းစစ်ရာတွင် ခေါင်းစဉ် (၅) ခုမှ (၂၀) ခုအထိ ပါဝင်သင့်သည်။ အဆင့်မြင့် ဘွဲ့ယူမည့် ကျမ်းအတွက် ခေါင်းစဉ် (၂၀) အထက် ပါဝင်သင့်ပြီး မဟာဝိဇ္ဇာသုတေသနကျမ်းအတွက် ခေါင်းစဉ် (၄၀) နှင့်အထက် ပါဝင်သင့် ပါသည်။ ပါရဂူဘွဲ့သုတေသနကျမ်းအတွက်မူ ခေါင်းစဉ် (၅၀) နှင့်အထက် မဖြစ်မနေ လေ့လာရမည် ဖြစ်သည်။[၁၅၉]

ပညာရပ်စာပေရေးသားနည်းတွင် စာပေလေ့လာဆန်းစစ်မှုလိုအပ်ရခြင်း၏ အကြောင်းရင်းများစွာ ရှိပါသည်။ သုတေသနမေးခွန်းများကို ဖြေကြားရာတွင် လိုအပ်သည့် အချက်အလက်များကို ထုတ်ဖော်ရန်အတွက် စာပေလေ့လာ ဆန်းစစ်မှုက ကူညီသည်။[၁၆၀] ပြည့်စုံသည့် စာပေလေ့လာဆန်းစစ်မှုသည် သုတေသနပြဿနာကို သတ်မှတ်ခြင်းနှင့် ဘောင်ကန့်သတ်ခြင်းတို့အတွက် အကူအညီပေးသည်။ အမှန်အားဖြင့် အခြားစာရေးဆရာများက ယခင်ကတည်းက ဆောင်ရွက်ပြီးဖြစ်သည့် ပြဿနာရပ်များနှင့် ပတ်သက်သည့် သုတေသနကို အကောင်အထည်ဖော်ရာတွင် စူးစမ်း လေ့လာမှု၏ နယ်နိမိတ်ဘောင်အသစ်များကို သတ်မှတ်ရန် သို့မဟုတ် အကျိုးမဖြစ်ထွန်းသည့် ချဉ်းကပ်မှုများကို ရှောင်ရှားရန်တို့အတွက် စာပေလေ့လာဆန်းစစ်မှုကို လက်နက်ကိရိယာတစ်ခုအဖြစ် အသုံးပြုပါသည်။[၁၆၁] စာပေ လေ့လာဆန်းစစ်မှုတွင် အခန်းအချို့ပါဝင်ပြီး အခန်းတစ်ခန်းစီတွင် ရည်ရွယ်ချက်ရှိပါသည်။ ထို့အပြင် သုတေသန မေးခွန်းဖော်ထုတ်ရန် ခုခံချေပ ဆွေးနွေးမှုရလဒ်များ၊ သုတေသနစာတမ်း ဖော်ပြချက်နှင့် သုတေသန ရည်ရွယ်ချက် များဟူ၍ ပါဝင်သည်။

---

[၁၅၅] Patricia, Ryan & Coughlan, p. 43.

[၁၅၆] Patricia, Ryan & Coughlan, p. 43.

[၁၅၇] Patricia, Ryan & Coughlan, p. 48.

[၁၅၈] University of Canberra, *Writing a literature review*, retrieved 24 March 2015, <http://www.canberra.edu.au/studyskills/writing/literature#What#What>.

[၁၅၉] University of Canberra.

[၁၆၀] Patricia, Ryan & Coughlan, p. 38.

[၁၆၁] TJ Sullivan, *Methods of Social Research*, Orlando FI, Prentice Hall, 2001, pp 92-93 cited in U Sekan, *Research methods in business studies: a skill building approach*, 2nd edn, John Wiley & Sons Inc., New York, 1992, pp. 39-40.

## စာပေလေ့လာဆန်းစစ်မှုရေးသားနည်း

ရှေ့နောက်ညီညွတ်သည့် ရလဒ်ဖြစ်ပေါ်စေရန် လေ့လာဆန်းစစ်မှု၏ အစီအစဉ်ကျနသည့် ပုံစံကို ရှင်းပြထားပြီးဖြစ်ရာ ယခုအပိုင်းသည် စာပေလေ့လာဆန်းစစ်မှုကို ထိထိရောက်ရောက် ရေးသားနိုင်ရေးအတွက် လိုအပ်သည့် ကျွမ်းကျင်မှုအချို့ကို အကျိုးအကြောင်းသင့် ဆန်းစစ်ထားပါသည်။ စာပေဆန်းစစ် သုံးသပ်ခြင်း ပြီးဆုံးပါက အဆိုပါ လေ့လာဆန်းစစ်မှုကို မည်သို့ အစီအစဉ်တကျ ရေးသားမည်ကို စဉ်းစားရမည် ဖြစ်သည်။[၁၆၂] အစီအစဉ်တကျ ကောင်းမွန်စွာ နေရာချခြင်းသည် စာပေလေ့လာဆန်းစစ်မှုကို အစဉ်အတိုင်း လွယ်လင့်တကူ ဖတ်ရှုနိုင်ခြင်းကို မြှင့်တင်ပေးနိုင်သောကြောင့် မဖြစ်မနေလိုအပ်သည်။[၁၆၃] စာပေလေ့လာဆန်းစစ်မှုသည် အခြေခံအားဖြင့် နိဒါန်း[၁၆၄]၊ စာကိုယ်[၁၆၅]နှင့် နိဂုံး/သုံးသပ်ချက်[၁၆၆]ဟူ၍ ပါဝင်သင့်သည်။ စာပေလေ့လာဆန်းစစ်မှုကို အချက်အလက်ထုတ်ခြင်း သို့မဟုတ် စီမံခြင်းလက်စမသတ်ခင်ကပင် သုတေသနပညာရှင်သည် စာပေလေ့လာဆန်းစစ်မှုကို စောလျှင်သမျှ စောနိုင်အောင် စတင်ရေးသားသင့်သည်။ သုတေသနခေါင်းစဉ်ဆိုင်ရာ ဗဟုသုတ သို့မဟုတ် သုတေသနနယ်ပယ်ရှိ အခြေအတင် ခုခံချေပဆွေးနွေးမှုတို့အကြောင်းစသည့်မေးခွန်းအပေါ် အလေးအနက်ထားသင့်သည်။[၁၆၇]

နည်းစနစ်တကျစာပေလေ့လာဆန်းစစ်မှု၏ နိဒါန်းအပိုင်းသည် သုတေသန၏ အထင်ကရဖြစ်မှုနှင့် ရည်ရွယ်ချက်ကို အလေးပေးဖော်ပြသင့်သည်။ သုတေသနပြုလုပ်ခြင်းဖြင့် ဖြေကြားလိုသည့် မေးခွန်း သို့မဟုတ် ဖြေရှင်းလိုသည့် ပြဿနာကို သေသေချာချာ အလေးပေးဖော်ပြသည့် အပိုင်းတစ်ခုသည် နိဒါန်းပိုင်းတွင် ပါဝင်သင့်သည်။ သုတေသန နယ်ပယ်တစ်ခုတွင် သက်ဆိုင်သည့် သီးခြားပြဿနာတစ်ခု ရှိသည့်အကြောင်းကို သုတေသနပညာရှင်က ဤနေရာတွင် ဖော်ပြရမည်။ ထို့အပြင် အဆိုပါပြဿနာကို ဖြေရှင်းရန်လိုအပ်ကြောင်းကိုလည်း ဖော်ပြရမည်။

စာပေလေ့လာဆန်းစစ်မှု၏ အခြားအပိုင်းတွင် ရှင်းလင်းတိကျသည့် သုတေသနကျမ်းဖော်ပြချက်ကို ထည့်သွင်းရမည် ဖြစ်ပြီး ထို့သို့ဖော်ပြခြင်းဖြင့် သုတေသနပညာရှင်အား သုတေသနကို ပေါင်းစည်းရန် ကူညီလိမ့်မည်။ မည်သည့် အသေးစိတ်အချက်အလက်များကို ထိန်းသိမ်းရပြီး မည်သည့်အချက်တို့ကို စွန့်ပယ်ရမည့်အကြောင်း ဆုံးဖြတ်ချက်များ ချမှတ်ရန် လမ်းညွှန်ပေးသည်။ သုတေသနစာတမ်းတစ်ခုလုံးအတွက် အကြမ်းဖော်ပြချက်တွင်လည်း သုတေသန အတွက် အသုံးပြုရန် ရည်မှန်းထားသည့် သုတေသနနည်းလမ်း ပါဝင်ရမည်။

---

[၁၆၂] Patricia, Ryan & Coughlan, p. 38.

[၁၆၃] J Colling, 'Demystrifying the Clinical Nursing research process: the literature review', *Urol Nurs,* vol. 23, no. 4, 2003, pp. 297-299.

[၁၆၄] နိဒါန်းပိုင်းသည် လေ့လာဆန်းစစ်မှု၏ ရည်ရွယ်ချက်နှင့် စုံစမ်းစစ်ဆေးဆဲ ပြဿနာ၏ ခြုံငုံသုံးသပ်ချက်အကြမ်း ပါဝင်သင့်သည်။ Patricia, Ryan & Coughlan, p. 42.

[၁၆၅] သုတေသနစာတမ်း သို့မဟုတ် အစီရင်ခံစာ၏ စာကိုယ်သည် စာပေများမှ လေ့လာတွေ့ရှိချက်များကို တင်ပြ၍ ဆွေးနွေးခြင်းဖြစ်သည်။ လေ့လာဆန်းစစ်မှုသည် သုတေသနနှင့် သင့်လျော်သည့် သတင်းအချက်အလက်များကို နားလည်၍ ခွဲခြမ်းစိတ်ဖြာ သုံးသပ်ထားခြင်း ဖြစ်သည်ဟု စာဖတ်သူက ဤနေရာတွင် သိထားသင့်သည်။ အခြားစာရေးသူများက တွေ့ရှိထားချက်များကို ဖော်ပြရုံသပ်သပ်မဟုတ်ပေ။ သုတေသနပညာရှင်၏ တာဝန်သည် အကြောင်းအရာတစ်ခုနှင့် သက်ဆိုင်သည့် သက်သေ အချက်အလက်များကို အနှစ်ချုပ်ပြီး တွက်ချက်ခြင်းဖြစ်သောကြောင့် တူညီချက်များနှင့် ကွဲပြားခြားနားချက်များကို ထုတ်ဖော်ရမည် ဖြစ်သည်။ ထို့အပြင် တွေ့ရှိသည့် ရှေ့နောက်မတူညီမှုများအတွက် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းချက်များကိုလည်း ပေးရမည်။ DF Polit & CT Beck, *Nursing research: principles and methods*, 7th edn, 2006, Lippincott, Williams & Wilkins, Philadelphia, 2004, pp. 1-30.

[၁၆၆] နိဂုံးပိုင်း/ ကောက်ချက်ချခြင်းသည် ပြည့်စုံသည့် တွေ့ရှိချက်အနှစ်ချုပ် ပါဝင်သင့်သည်။ အဆိုပါတွေ့ရှိချက်သည် လက်ရှိ ဗဟုသုတကို ဖော်ပြပြီး နောင်လိုအပ်မည့် သုတေသနများ ဆောင်ရွက်နိုင်ရန် အကြောင်းပြချက်ကို ဖန်တီးပေးသည်။ N Burns & SK Groove, *Understanding nursing research building an evidence based practice*, 4th edn, St. Louis, Saunders Elsevier, 2007, pp. 1-15.

[၁၆၇] Ridley, p. 81.

လေ့လာဆန်းစစ်မှုသည် ပါရဂူဘွဲ့ သုတေသနစာတမ်းအတွက် အထူးအရေးပါသည့် အလုပ်ဖြစ်လျှင် အနှစ်ချုပ်များသည် အခန်းအနှံ့အပြား ပါဝင်သင့်သည်။[၁၆၈] စာပေလေ့လာဆန်းစစ်သည့်နည်းလမ်းသည် စာပေလေ့လာဆန်းစစ်မှုကို ပုံဖော်ထုဆစ်ရာတွင် သဘာဝ ဗိသုကာရှင် ဖြစ်သည်။ စာပေလေ့လာဆန်းစစ်မှုအတွက် သင့်လျော်သည့် တည်ဆောက်ပုံကို ဖန်တီးရာတွင် လိုက်နာရမည့် အခြေခံသဘောတရားများကို အောက်ပါအတိုင်း ဖော်ပြထားသည်-

> ဤလုပ်ငန်းစဉ်၏ အခြေခံသဘောတရားမှာ မှန်ကန်ကြောင်းအဆိုကို အခိုင်အမာတင်ပြရာတွင် အထောက်အပံ့ဖြစ်စေရန် ခုခံချေပချက်နှင့် စာသားအရင်းအမြစ်ကို အတူတကွထည့်သွင်းထားခြင်း ဖြစ်သည်။ ခုခံချေပချက်ကို ဖွံ့ဖြိုးစေခြင်းဖြင့် ဖတ်ရှုကိုးကားထားသည့် စာပေများ၏ စာရေးဆရာများက စာပေလေ့လာဆန်းစစ်မှုကို ထိန်းချုပ်ထားခြင်းမျိုးမဟုတ်ဘဲ သုတေသနရည်ရွယ်ချက်အတွက် စာပေကို သုတေသနပညာရှင်က အသုံးပြုကြောင်း ပြသရမည်ဖြစ်သည်။ ခုခံချေပချက်အဆင့်များ၏ ပုံကြမ်းကို တီထွင်ဖန်တီးပြီးနောက် ၎င်းသည် လေ့လာဆန်းစစ်မှု၏ အခြေခံဖွဲ့စည်းမှုပုံစံ ဖြစ်ပေါ်လာသည်။ မှန်ကန်ကြောင်းတင်ပြသည့်အဆိုကို ခိုင်ခိုင်မာမာ ထောက်ပံ့ပေးနိုင်မည့် အရင်းအမြစ်များကို ခုခံချေပချက်အဆင့်တစ်ဆင့်ချင်းစီအတွက် တူညီသည့် အုပ်စုများအဖြစ် ဖွဲ့စည်းရမည်ဖြစ်သည်။ ထို့နောက် တီထွင်ဖန်တီးထားသည့် ခုခံချေပချက်အဆင့်များမှ လေ့လာဆန်းစစ်မှု မူဘောင်ဖြစ်လာမည့် ခေါင်းစဉ်များနှင့် ခေါင်းစဉ်ခွဲများကို ဖွဲ့စည်းနိုင်သည်။[၁၆၉]

နိဒါန်းပိုင်းသည် သုတေသနကျမ်းတစ်ခုလုံး၏ (၁၀) ရာခိုင်နှုန်း ဖြစ်သင့်သည်။ စာပေလေ့လာဆန်းစစ်မှုအပိုင်းသည် (၂၀) ရာခိုင်နှုန်းခန့် ရှိရမည် ဖြစ်သည်။[၁၇၀] ကျွမ်းကျင်သော သုတေသနပညာရှင်တစ်ယောက်သည် ဖတ်ရှုထားသည့် စာသားတစ်ခုချင်းစီ၏ အနှစ်ချုပ်နှင့် ဆန်းစစ်ဝေဖန်မှုကို ရေးသားပြီးနောက် စာပေလေ့လာဆန်းစစ်မှု၏ ခွဲခြမ်းစိတ်ဖြာသည့် လုပ်ငန်းစဉ်ကိုစတင်သောအခါ ၎င်းဆန်းစစ်ဝေဖန်မှုများကို အသုံးပြုပါသည်။ ဤနည်းဖြင့် ဆက်စပ်သည့် စာပေများမှ အချက်များကို ရွေးချယ်ယူရမည်ဖြစ်သည်။ ထို့သို့ဆောင်ရွက်ခြင်းဖြင့် ၎င်း၏ မှန်ကန်ကြောင်းအဆိုနှင့် ပြောဆိုချက်များကို အထောက်အပံ့ပေးနိုင်မည် ဖြစ်သည်။[၁၇၁]

စာပေလေ့လာဆန်းစစ်မှုရေးသားခြင်းအတွက် နည်းစနစ်တကျ ချည်းကပ်မှုရရှိရန် နည်းဗျူဟာများ ရှိပါသည်။ ဆက်စပ်သည့် ပညာရပ်စာပေများရှိ မတူညီသည့် သီအိုရီများ၊ အယူအဆများ၊ ဆွေးနွေးချေပချက်များနှင့် ပညာရပ်ဝေါဟာရများကို နှိုင်းယှဉ်လေ့လာခြင်းနှင့် ကွဲပြားခြားနားမှုများလေ့လာခြင်းတို့ ပါဝင်သည်။ ထို့အပြင် သုတေသနရှိ အခန်းကဏ္ဍကိုလည်း ညွှန်ပြပါသည်။ သုတေသနအလုပ်ရှိ အခန်းတိုင်းတွင် အဆိုပါ လေ့လာခြင်းများကို ပြုလုပ်ပါသည်။ စာပေလေ့လာဆန်းစစ်မှု ရေးသားခြင်းအတွက် နည်းစနစ်တကျချည်းကပ်မှုဆိုင်ရာ အခြားနည်းလမ်းများမှာ လေ့လာတွေ့ရှိချက်တစ်ခု သို့မဟုတ် အမြင်သဘောထားတစ်ခုကို သဘောတူခြင်း၊ အတည်ပြုခြင်း သို့မဟုတ် ခုခံကာကွယ်ခြင်းတို့ ပါဝင်သည်။ အဆိုပါအမြင်သဘောထားများ သို့မဟုတ် လေ့လာတွေ့ရှိချက်များသည် စာပေလေ့လာဆန်းစစ်မှုနည်းလမ်းများ၏ ကောင်းကျိုးနှင့် ကန့်သတ်ချက်များကို လေ့လာဆန်းစစ်ခြင်းဖြင့် ရရှိသည်။ လက်ရှိအမြင်သဘောထားတွင် အချို့အားနည်းချက်များကို အသားပေးဖော်ပြခြင်းဖြင့် သုတေသနပညာရှင်၏ ထောက်ခံပံ့ပိုးသည့် အခန်းကဏ္ဍကို ထင်ရှားလာစေသည့်အတွက် အားသာချက်တချို့ရှိကြောင်း စာရေးသူက ဝန်ခံပါသည်။ အမြင်သဘောထားတစ်ခုကို ပယ်ချကောင်းပယ်ချနိုင်ပြီး ပယ်ချရသည့် အကြောင်းရင်းကို စာရေးသူက ပေးနိုင်ပါသည်။ ဥပမာအားဖြင့် သက်သေအချက်အလက်များမရှိခြင်းနှင့် လုံလောက်မှုမရှိခြင်း၊ ခုခံဆွေးနွေးချက် သို့မဟုတ် သုတေသနရှိ အယူအဆမှားယွင်းခြင်း (fallacy) တို့စသည်တို့ ဖြစ်သည်။[၁၇၂] အယူအဆမှားယွင်း (Fallacies)

---

[၁၆၈] Ridley, p. 82.

[၁၆၉] Ridley, p. 85.

[၁၇၀] Ridley, p. 88.

[၁၇၁] Ridley, p. 118.

[၁၇၂] Trochim.

ခြင်းကို မှားယွင်းသည့် ယူဆချက်များအပေါ် အခြေပြုပြီး ဖြစ်ပေါ်လာသည့် ကျိုးကြောင်းဆီလျော်မှု ဆိုင်ရာ အမှားအယွင်းအဖြစ် ဤနေရာတွင် ရည်ညွှန်းပါသည်။[၁၇၃]

အယူအဆမှားယွင်းခြင်း (fallacy) သည် ကောင်းမွန်သည့် ခုခံချေပချက်အတွက် လိုအပ်သည့် စံနှုန်းများအနက် တစ်ခုကို ဖောက်ဖျက်ခြင်း ဖြစ်သည်။[၁၇၄] ကောင်းမွန်သည့် ခုခံချေပချက်ကို မည်သည့်နည်းဖြင့် ဖောက်ဖျက်ခြင်းမဆို ညံ့ဖျင်းသော သို့မဟုတ် မှားယွင်းသောခုခံချေပချက်တစ်ခုပင် ဖြစ်သည်။ တစ်ခုသော အဆိုပြုချက်အတွက် အထောက်အထား ခိုင်ခိုင်လုံလုံတင်ပြနိုင်ရမည့် သက်သေလုံလုံလောက်လောက် မရှိခြင်း သို့မဟုတ် ခိုင်လုံမှုမရှိခြင်းသည် ညံ့ဖျင်းသော ခုခံချေပချက် ဖြစ်သည်။ လေ့လာဆန်းစစ်လျက်ရှိသည့် စာပေရှိ ကြီးမားသည့် စိန်ခေါ်မှုများအတွက် လည်းကောင်း၊ ချေပချက်ဆိုင်ရာ စိန်ခေါ်မှုများအတွက်လည်းကောင်း ထိရောက်သည့် ပြန်လည်ချေပချက်မျိုး မပြုလုပ်နိုင်ပါက ခုခံချေပချက်တစ်ခုသည် အားရစရာမကောင်းပဲ ညံ့ဖျင်းတတ်ပါသည်။ ထို့ကြောင့် ထိုခုခံချေပချက်မျိုးသည် ပညာရပ်ဆိုင်ရာ အကြောင်းအရာအတွက် ယုံကြည်အားကိုး စိတ်မချရပေ။ သို့သော် အဆိုပါ မပြည့်စုံသည့် ခုခံချေပချက်သည် အခြားသုတေသနတစ်ခုအတွက် အခွင့်အလမ်းတစ်ခုကို ဖြစ်ပေါ်စေပါသည်။

အယူအဆမှားယွင်းခြင်းကို သတိပြုကာ နားလည်သဘောပေါက်ခြင်းဖြင့် မပြည့်စုံသည့် ခုခံချေပချက်ကို သိမြင်စေသည်သာမက ကောင်းမွန်သည့် ခုခံချေပချက်သည် မည်သို့ ကြည့်မြင်သင့်သည်ကို သိရှိစေပါသည်။ ခုခံချေပခြင်းတွင် အယူအဆမှားယွင်းမှုသည် ရှောင်ရှားရမည့် အရာတစ်ခုဆိုသည်ထက် ပိုပါသည်။[၁၇၅] အယူအဆမှားယွင်းခြင်းသည် သုတေသန ပညာရှင်တစ်ယောက်အနေဖြင့် မပြုလုပ်သင့်သည့် အရာများအနက် တစ်ခုမျှသာ မဟုတ်ပါ။ အကယ်၍ ခုခံချေပချက်တစ်ခုသည် အယူအဆမှားယွင်းခြင်းကို ဖော်ပြပါက ၎င်းခုခံချေပချက်သည် ညံ့ဖျင်းသည့် တစ်ခုဟု ထင်မြင်ယူဆခံရသည်။ ထို့အပြင် ခုခံချေပချက်သည် ၎င်းမှားယွင်းသည့် အယူအဆများ မရှိပါက ကောင်းမွန်သည့် ခုခံချေပချက်တစ်ခုအဖြစ် ထင်မြင်ခံရသည်။[၁၇၆]

ယုတ္တိမတန်သည့် ခုခံချေပချက်သည် လိမ်လည်လှည့်ဖျားမှုမှ ဖြစ်ပေါ်လာသည်။[၁၇၇] ယုတ္တိမတန်သည့် ခုခံချေပချက်တွင် ကောင်းမွန်သည့် ခုခံချေပချက်များအဖြစ် လိမ်လည်ဟန်ဆောင်လေ့ ရှိသည်။ အဆိုပါ ခုခံဆွေးနွေးချက်သည် ဘာ့ကြောင့်အထင်အမြင်လွဲမှားရကြောင်းကိုလည်း ရှင်းလင်းခြင်း ဖြစ်သည်။ အဆိုပါ အထင်အမြင်လွဲမှားမှုသည် အမှန်အားဖြင့် ခုခံချေပသူ၏ မတော်တဆ ပြုမူမိခြင်း ဖြစ်နိုင်ပါသည်။[၁၇၈] သို့သော် ခုခံချေပသူ၏ ရည်ရွယ်ချက်ကို ထည့်သွင်းမစဉ်းစားဘဲ မတော်တဆမှားယွင်းမှု ဖြစ်ခြင်း မဖြစ်ခြင်းသည် ပြဿနာမဟုတ်ဘဲ အမှားသည် အမှားသာ

---

[၁၇၃] TE Damer, *Attacking Faulty Reasoning,A practical guide to Fallacy-Free Arguments*, 4th edn, Wadsworth/Thomson Learning, Belmont, USA, 2001, pp. 42-50.

[၁၇၄] ခုခံချေပဆွေးနွေးချက်များကို ကောက်ချက်ချရာတွင် အထောက်အကူပြုသည့် အကြောင်းပြချက်များနှင့် ပတ်သက်သည့် အမြင်သဘောထားအချို့ကို ပေးသည့် အားထုတ်ကြိုးပမ်းမှုတစ်ခုအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုသည်။ စာပေလေ့လာဆန်းစစ်ရာတွင် ခုခံချေပဆွေးနွေးမှုသည် မရှိမဖြစ် လိုအပ်သည်။ အဘယ့်ကြောင့်ဆိုသော် မည်သည့် အမြင်သဘောထားများက ပိုကောင်းကြောင်း ရှာဖွေသည့် နည်းလမ်းဖြစ်ခြင်းကြောင့် ဖြစ်သည်။ အမြင်သဘောထား အားလုံးသည် မတူညီပါ။ အကြောင်းပြချက်ကောင်းဖြင့် သုံးသပ်ချက်တစ်ချို့ကို အထောက်အပံ့ပေးနိုင်သည်။ အချို့သုံးသပ်များသည် အနည်းငယ်သာ အထောက်အပံ့ပေးသည်။ သို့သော် ဘာက ဘာဆိုတာကို ကျွန်ုပ်တို့ သိရှိလေ့ မရှိပါ။ မတူညီသည့် သုံးသပ်ချက်များအတွက် ခုခံချေပဆွေးနွေးချက်များကို ပေးရန် လိုအပ်သည်။ ထို့နောက် ၎င်းခုခံချေပချက်များသည် မည်မျှ အမှန်တကယ် အားကောင်းသနည်းဟု ဆန်းစစ်ရမည် ဖြစ်သည်။ A Weston, *A rulebook for arguments*, 4th edn, Hackett Publishing Company, Indianapolis, Cambridge, 2009, pp. xi-xiv.

[၁၇၅] Weston.

[၁၇၆] Weston.

[၁၇၇] G Bassham, W Irwin, H Nardone & JM Wallace, *Critical thinking: a students' introduction*, 3th edn, McGraw-Hill Companies, New York, 2008, pp. 124-170.

[၁၇၈] Damer.

ဖြစ်သည်။ ထို့ကြောင့် ယုတ္တိမတန်သည့် ခုခံချေပချက်များကို တတ်နိုင်သမျှ ရှောင်ရှားရမည် ဖြစ်ပြီး စာပေလေ့လာဆန်းစစ်မှုကို ဘက်ပေါင်းစုံမှ ဆောင်ရွက်ရမည် ဖြစ်သည်။[၁၇၉]

ပညာရပ်စာပေရေးသားခြင်းတွင် အယူအဆမှားယွင်းမှုပုံစံ များစွာရှိပါသည်။ ဥပမာ အစုအဖွဲ့ဆိုင်ရာ အယူအဆမှားယွင်းခြင်း (ecological fallacy) နှင့် ထူးခြားသောအယူအဆမှားယွင်းခြင်း (exceptional fallacy)[၁၈၀] နှင့် မဇ္ဈိမပဋိပဋ္ဌာလမ်းစဉ်ဆိုင်ရာ အယူအဆမှားယွင်းခြင်း (fallacy of undistributed middle)[၁၈၁] တို့ဖြစ်သည်။ အစုအဖွဲ့ဆိုင်ရာ အယူအဆမှားယွင်းခြင်း (ecological fallacy) ဆိုသည်မှာ အချက်အလက်များကို အုပ်စုအလိုက် ခွဲခြမ်းစိတ်ဖြာဆန်းစစ်မှုအပေါ် အခြေပြု၍ တစ်ခုချင်းစီအတွက် ယူဆချက် သို့မဟုတ် သုံးသပ်ချက်များ ချမှတ်ခြင်းတို့ ဖြစ်ပါသည်။ ထူးခြားသောအယူအဆမှားယွင်းခြင်း (exceptional fallacy) ဆိုသည်မှာ ထူးခြားသည့် အမှုကိစ္စရပ်များ အပေါ် အခြေပြု၍ အစုအဖွဲ့ဆိုင်ရာသုံးသပ်ချက်သို့ ရောက်ရှိစေသည့် အခြေအနေပင် ဖြစ်သည်။[၁၈၂]

မဇ္ဈိမပဋိပဋ္ဌာလမ်းစဉ်ဆိုင်ရာ အယူအဆမှားယွင်းခြင်း (fallacy of undistributed middle) သည် ကျိုးကြောင်းဆင်ခြင်၍ ယေဘုယျကောက်ချက်ချရာတွင် တွေ့ကြုံရသည့် ကျိုးကြောင်းဆီလျော်မှုဆိုင်ရာ အယူအဆမှားယွင်းခြင်းပင် ဖြစ်သည်။ ဥပမာအားဖြင့် P အာလုံးသည် M ဖြစ်သည်၊ S သည် M ဖြစ်သည်၊ ထို့ကြောင့် S သည် P ဖြစ်သည်။ မဇ္ဈိမပဋိပဋ္ဌာလမ်းစဉ်ဆိုင်ရာ အယူအဆမှားယွင်းခြင်းဆိုသည်မှာ အလယ်အလတ်ကျသည့် အစိတ်အပိုင်းသည် အစွန်းနှစ်ဖက်ရှိ အကြောင်းပြချက်နှစ်ခုနှင့် နှိုင်းယှဉ်ခြင်း ဖြစ်ပြီး ၎င်းအလယ်အလတ်ကျသည့် အစိတ်အပိုင်းသည် အစွန်းနှစ်ဖက်နှင့် ထပ်တူညီကြောင်း မသေချာခြင်းပင် ဖြစ်သည်။ အစွန်းများသည် တူညီသည့်အရာအဖြစ် နှိုင်းယှဉ်ခြင်းမဟုတ်သည့်အတွက် ၎င်းအစွန်းနှစ်ဖက်အကြား တစ်ခုနှင့် တစ်ခုဆက်စပ်မှုများကို ကောက်ချက်ချနိုင်ရန်အတွက် အကြောင်းပြချက် မရှိခြင်း ဖြစ်သည်။[၁၈၃]

နည်းစနစ်တကျ စာပေလေ့လာဆန်းစစ်မှုတွင် အခန်းအချို့ပါဝင်ပြီး အခန်းတစ်ခုချင်းစီတွင် ကိုယ်ပိုင်ရည်ရွယ်ချက်ရှိပါသည်။ အဆိုပါ အခန်းများရှိ ခုခံချေပဆွေးနွေးချက်များ၏ ရလဒ်အဖြစ် သုတေသနမေးခွန်း၊ သုတေသနဖော်ပြချက်နှင့် သုတေသနရည်ရွယ်ချက်များကို ဖော်ထုတ်သွားရန် ဖြစ်သည်။

သုံးသပ်ချက် ဥပဒေဆိုင်ရာလေ့လာဆန်းစစ်မှု၏ အစိတ်အပိုင်းများကို အောက်ပါအတိုင်း တစ်ခုပြီး တစ်ခု အနှစ်ချုပ်နိုင်ပါသည်။ သုတေသနစာတမ်းသည် ခုခံချေပဆွေးနွေးချက်ပုံစံတစ်ခုဖြစ်ပြီး သင့်လျော်သည့် သတင်းအချက်အလက်နှင့် ချေပချက်တို့ကို တင်ပြထားသည်။ ၎င်းသုတေသနစာတမ်းသည် ဂန္ထဝင်ပုံစံတစ်မျိုးဖြစ်ပြီး နှစ်ပေါင်းထောင်ချီတည်ရှိလျက် ရှိသည်။ ၎င်းသုတေသနစာတမ်းသည် ဥပဒေအဆိုပြုရာတွင် လိုအပ်သည့် ရှေ့ပြေးလုပ်ငန်းတစ်ခုလည်းဖြစ်သည်။ သုတေသနသည် သတ်မှတ်ထားသည့် အကြောင်းအရာ အခြေအနေအတွင်း အချက်အလက်များကို စုဆောင်းခြင်းဖြစ်သည်။ သီအိုရီဆိုသည်မှာ တိကျသည့် အခြေအနေအကြောင်းတရားအတွင်း လူသား၏ ဖြစ်စဉ်ကို ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်းဖြစ်သည်။ ဗဟုသုတဆိုသည်မှာ အယူအဆအခြေပြု သိမြင်နားလည်မှုနှင့် နားလည်သဘောပေါက်မှုဖြစ်သည်။ သုတေသနလစ်ဟာချက်သည် စာဖတ်သူ၏ အမြင်သဘောထားဖြင့် သတ်မှတ်ဖော်ထုတ်ထားသည့် ပြဿနာတစ်ရပ်ဖြစ်သည်။ ၎င်းပြဿနာသည် မှန်ကန်သည့် သတင်းအချက်အလက်များကို ချိတ်ဆက်လက်ခံရရှိမှု မရရှိခြင်းကြောင့် ဖြစ်သည်။ ခုခံချေပဆွေးနွေးမှုကို စဉ်ဆက်မပြတ် လုပ်ဆောင်သွားရန် ရည်ရွယ်ချက်ဖြင့် သက်သေအချက်အလက်များကို ရှာဖွေခြင်းသည် ပညာရပ်စာပေ ရှာဖွေမှု ဖြစ်သည်။ ထို့ကြောင့် စာပေလေ့လာဆန်းစစ်မှုသည် သုတေသနအတွက် အကြောင်းအရာကို သတ်မှတ်ပေးပါသည်။ သုတေသန လစ်ဟာချက်များကို ခိုင်လုံသော ခုခံချေပဆွေးနွေးချက်ကြောင့် ဖြစ်ပေါ်လာသည့် သိမြင်နားလည်မှုအသစ်များနှင့် နားလည်သဘောပေါက်

---

[၁၇၉] Damer.

[၁၈၀] Trochim.

[၁၈၁] A Schuyler, *The Principles of Logic*, American Book Company, USA, 1869, pp. 50-53.

[၁၈၂] Trochim.

[၁၈၃] Schuyler.

မှုတို့ဖြင့် ဖြည့်ဆည်းပေးသည်။ ထို့ကြောင့် စာပေလေ့လာဆန်းစစ်မှုသည် သီးခြား ရည်ရွယ်ချက်များပါဝင်သည့် အခန်းအချို့ ပါဝင်သည်။ အဆိုပါ အခန်းများရှိ ခုခံချေပဆွေးနွေးချက်များ၏ ရလဒ်ကြောင့် သုတေသနမေးခွန်း၊ သုတေသနစာတမ်းဖော်ပြချက်နှင့် သုတေသနရည်ရွယ်ချက်များကို ဖော်ထုတ်ခြင်း ဖြစ်ပေါ်လာပါသည်။ သုတေသန လစ်ဟာချက်များကို ရှာဖွေရန်အလို့ငှာ ပညာရပ်ဆိုင်ရာ အယူအဆအမှားများနှင့် သုတေသန အကြောင်းအရာများကို သတ်မှတ်ခြင်းတို့ဖြင့် ဥပဒေလေ့လာ ဆန်းစစ်မှုသည် များစွာ အကျိုးရှိထိရောက်စေမည် ဖြစ်သည်။ ထို့နောက် ထွက်ပေါ်လာသည့် ရလဒ်ကို သုတေသနမေးခွန်း၊ သုတေသနစာတမ်း ဖော်ပြချက်နှင့် သုတေသနရည်ရွယ်ချက် များအဖြစ် ပုံဖော်ရမည် ဖြစ်သည်။

## ကျမ်းကိုးစာရင်း


[1] Bailey, DRS, *The Lesser Declamations*, vol. 1, Harvard University Press, England, 2006.

[2] Bassham, G, W Irwin, H Nardone & JM Wallace, *Critical Thinking: A Students' Introduction*, 3th edn, McGraw-Hill Companies, New York, 2008.

[3] Bolderston, A, 'Writing an Effective Literature Review', *Journal of Medical Imaging and Radiation Sciences*, vol. 39, 2008.

[4] Colling, J, 'Demystrifying the Clinical Nursing research process: the literature review', *Urol Nurs,* vol. 23, no. 4, 2003, pp. 297-299.

[5] Cooper, JM & DS Hutchinson, *Plato complete works*, Hackett Publishing Co., Indiana, 1997.

[6] Corbett, EPJ &RJ Connors, *Classical Rhetoric for the modern students*, 4th edn, Oxford University Press New York, 1999.

[7] D'Angelo, FJ, *Composition in the classical tradition*, Allyn & Bacon, USA, 2000.

[8] Damer, TE, *Attacking faulty Reasoning, apractical guide to Fallacy-Free Arguments*, 4th edn, Wadsworth/Thomson Learning, Belmont, USA, 2001.

[9] Ely, C &I Scott, 'Essential Study Skills for Nursing', *Elsevier*, Edinburgh, 2007.

[10] Fink, A, *Conducting research literature reviews: from the internet to paper*, 2nd edn, Sage Publications, Thousand Oaks, Canada, 2004, pp. 20.

[11] Garner, BA, *Black's Law Dictionary*, 8th edn, West Group, USA, 2007.

[12] Hart, C, *Doing a literature review*, Sage Publications, London, 1998.

[13] Hodges, JC, ST Web &RK Miller, *Harbrace College handbook*, 12th edn, Harcourt Brace College Publishers, USA, 1994.

[14] Honors: Communication Capstone, *Communication resources*, 2000, retrieved 19 March2015,<http://www.uky.edu/~drlane/capstone/trmdef.htm>.

[15] Hutchinson, T & N Duncan, 'Defining and describing what we do: Doctrinal Legal Research', *Deakin Law Review*, vol. 17, no. 1, 2012.

[16] Justus, RJ, 'A guide to writing the dissertation literature review,' *Practical Assessment, Research and Evaluation,* vol. 14, no. 13, June 2009.

[17] Kennedy, GA, *Progymnasmata – Greek textbooks of Prose Composition and Rhetoric*, Society of Biblical Literature, Atlanta, USA, 2003.

[18] LaRocque, P, *'Vague Qualifiers' - A commentary*,KERA News, 2015,retrieved 9 June2015, <http://keranews.org/post/vague-qualifiers-commentary>.

[19] Lynn, SC & R Ronald, *Basic research methods for Librarians*, 5th edn, Greenwood Publishing Group, USA, 2010.

[20] Mahmud, Z, *Handbook of Research Methodology (a Simplified Version)*, University Publication Centre (UPENA), UiTM, Malaysia, 2009.

[21] Mcgrath, JM & HA Samra, 'Before you search the literature: how to prepare and get the most out of citation databases', *Newborn & Infant Nursing Review*s, vol. 12, no. 3, 2012.

[22] Nervegna, S, *Menander in Antiquity: The contexts of reception*, Cambridge University Press, 2013.

[23] Neuman, WL, *Social research methods: qualitative and quantitative approaches*, 5th edn, Pearson Education Inc., Boston, 2003.

[24] Neumann, R, 'Research and scholarship: perceptions of Senior Academic Administrators', *Higher Education*, vol. 25, no. 2 Mar., 1993.

[25] Noor, NM, *Writing research &thesis proposals: guidelines &examples*, Penerbit Press, Malaysia, 2012.

[26] Nuruddeen, M, 'Legal and human rights issues in Freedom of Information Act 2011', *Human Rights Review,* vol. 2, 2012, pp. 171-190.

[27] O'Leary, Z, *Researching real-world problems: a guide to methods inquiry*, Sage Publications Ltd., London, 2005.

[28] Ogden, CK, *Bentham's Theory of Fictions*, Routledge, New York, 2001.

[29] Patricia, C,Ryan F &Coughlan M,'Undertaking a literature review: a step-by-step approach', *British Journal of Nursing*, vol. 17, no. 1, 2008.

[30] Polit, DF & CT Beck, *Nursing research: principles and methods*, 7th edn, 2006, Lippincott, Williams & Wilkins, Philadelphia, 2004, pp. 1-30.

[31] Poel, MV, 'The Latin Declamation in Renaissance Humanism', *The Sixteenth Century Journal,* vol. 20 no. 3, 1989.

[32] Richard,N,*What are Progymnasmata? Classical Rhetorical exercises for today's writers,* About Education, 2015, retrieved 28 March2015,<http://grammar.about.com/od/qaaboutrhetoric/f/fqprogymnasmata.htm>.

[33] Richard, N, *Thesis (composition),* About Education, 2015, retrieved 22 March 2015, <http://grammar.about.com/od/tz/g/thesis.htm>.

[34] Ridley, D, *The literature review-astep-by-step guide for students*, Sage, London, 2008.

[35] Robinson, KA, IJ Saldanha & NA Mckoy, *Framework for identifying research gaps,* National Collaborating Centre for Methods and Tools, Hamilton, McMaster University, 2011, retrieved 14 May 2015, <http://www.nccmt.ca/registry/view/eng/118.html.>.

[36] Schuyler, A, *the Principles of logic*, American Book Company, USA, 1869.

[37] Scientific Psychic, *Anatomy and structure of human sense organs*, 2015, retrieved 31May2015, <http://www.scientificpsychic.com/workbook/chapter2.htm>.

[38] Strohmetz, DB& RL Rosnow, 'Artifacts in research process', *SAGE Research Method*, 2013, pp. 26-28, retrieved 8 June2015, <http://srmo.sagepub.com/view/the-sage-encyclopedia-of-social-science-researchmethods/n24.xml>.

[39] Steward, B, 'Writing a literature review', *Br J Occup Ther* 67, 2004, pp. 495-500.

[40] Sullivan, TJ, *Methods of social research*, Orlando FI, Prentice Hall, 2001, pp 92-93, in U Sekan (2nd ed.), *Research methods in business studies: askill building approach*,John Wiley & Sons Inc., New York, 1992, pp. 39-40.

[41] The Directory of Open Access Journals (DOAJ), 2015, retrieved 31 May 2015, <http://www.doaj.org.>.

[42] *Theaetetus*

[43] Timmins, F& C McCabe, 'How to conduct an effective literature search', *Nurs Standard*, vol. 20, 2005, pp. 41-47.

[44] Trochim, WM, 'Foundations', *Research Methods Knowledge Base*, 2006, retrieved 24 March2015, <http://www.socialresearchmethods.net/kb/intres.php>.

[45] Turabian, KL, *A manual for writers of research papers, theses and dissertations*, 7thedn, the University of Chicago Press, London, 2007.

[46] The University of Canberra, *Writing a literature review*, retrieved 24 March 2014, <http://www.canberra.edu.au/studyskills/writing/literature#What#What>.

[47] Wacker, JG, 'A Definition of theory: research guidelines for different Theory-Building Research Methods in Operations Management', *Journal of Operations Management*, no. 16, 1998.

[48] Webster, J &RT Watson, 'Analyzing the past to prepare for the future: writing a literature review', *MIS Quarterly,* vol. 26, no. 2, June 2002.

[49] Western Illinois, *University guidelines for the structure and format of a thesis or applied project*, Department of Geography, 2012, retrieved 29 March2015, <http://www.wiu.edu/cas/geography/thesis/thesis_guidelines.pdf>.

[50] Weston, A, *A rulebook for Arguments*, 4th edn, Hackett Publishing Company, Indianapolis, Cambridge, 2009.

[51] Writing for Publication in Professional Journals, *Meaning of a research gap*, 2002, retrieved 22 March2015,<https://msu.edu/course/aec/891/whatisagap.htm>.